
www.burmeseclassic.com

# ထိပ်တန်းသည်းဖို

## ပန်းဟော၀န်ခုနှစ်ထွေမင်းသား

အောင်မြတ်ဦး



www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၅၂၀၀၅၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀၆၁၅၀၆၀၇ |
| ထုတ်ဝေသူ | - ဦးကျော်ဟင်း (မြဲ-၀၉၁၀) ယုံကြည်ချက်စာပေ အမှတ် (၁၁၁)၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - ဦးကျော်စိန် (မြဲ-၀၂၉၀၉) ကျောက်စိမ်းပုံနှိပ်တိုက် အမှတ် (၁၇၁)၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေခြင်း | - ပထမအကြိမ်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ။ |
| မျက်နှာဖုံးပန်းချီ | - ရန်နိုင်ဦး |
| တန်ဖိုး | - (၁၀၀) ကျပ် |
| ဖြန့်ချိရေး | - မြတ်ချို့နှယ်အောင် B.Sc (Chem;) Dip; of Computer Arts အိုယွန်းယှဉ်စာပေ မှ ပြည်လုံးကျွတ် ဖြန့်ချိပါသည်။ |


www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ

၁။ ပြောပြန်ရင်လည်း အောင်မြတ်ဦး လွန်ရာကျမယ်

၂။ အရုပ်၊ အရောင်၊ အရိပ်

၃။ ပြောပြန်ရင်လည်း အောင်မြတ်ဦး လွန်ရာကျမယ်

၄။ ပန်းဟောဝန်ခုနစ်ထွေမင်းသား

၅။ ကန္တာရနှင်းဆီတစ်ပွင့်ကြွေလွင့်ခန်း

၆။ ပိုးချည်မျှင်နှင့် ညွတ်ဆင်ခြင်း

၇။ အနီနှင့်အဖြူ ဘယ်သူအဓိကလဲ

၈။ ၅၂၈ အဖြူရောင်ကြိုး

၉။ သူခိုးနှင့် အရိုးခံမလေးရဲ့ ရာဇဝင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


ပြောပြုန်ရင်လည်း အောင်မြတ်ဦးလွန်ရာကျမယ်

'ဆိတ်ဆိတ်နေ ထောင်တန်တယ်' ဆိုရိုးစကားရှိတယ်။ စကားဆိုတာက ပြောတိုင်းလည်း ကောင်းတာမဟုတ်ဘူး။ ပြောသင့်လို့ ပြောတာ အကြောင်းမဟုတ်ပေမဲ့ မပြောသင့်ဘဲ ပြောရင် အမှားဖြစ်တတ်တယ်။

ဒါကြောင့် နှုတ်ဆိတ်နေတာ ကြာပါပြီ။

ခုတော့ ပြောစရာ ကြုံရပြန်ပြီ။

"လွန်တာရှိရင် ဝန္ဒာမိပါခင်ဗျာ" လို့ ဆိုရတော့မှာပဲ။

မနေ့က မိတ်ဆွေတစ်ဦး ပြဿနာတစ်ခု ကြုံခဲ့တယ်။ ပြောရရင် မြွေခြောက်ကိုက်လိုက်သလိုပေါ့။

ရယ်စရာလည်းကောင်းပါ့။

ဒေါသဖြစ်စရာလည်း ကောင်းပါ့။

အိုယွန်းယုဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အဖြစ်က မနှစ်ကနဲ့မတူလို့ ပြောရမလားပဲ။ မပြုံးဘဲနဲ့ ဝါးလုံးကွဲရယ်ရမဲ့ အဖြစ်။ အရပ်ရပ်နေပြည်တော် ကြားလို့မတော် ကျော်လို့ မကောင်းတဲ့အဖြစ်။

ဒီအဖြစ်ကို ပြောရရင် 'ခင်မောင်တင့်ရောဂါက ဝပြောရမယ်။ သူက နှလုံးရောဂါသမား။ ဝေဒနာရှင်တော့ မဟုတ်ဘူးနော်၊ နှစ်လုံးတိုက် ကိစ္စမှာ ဝါသနာကြီးသူ။ သူက ထွက်သမျှ ချိုင်းတွေဝယ်တယ်၊ တွက် တယ်။ (ထိုးမထိုးတော့ မသိဘူး) တိုက်ဆိုင်သွားရင် ဝမ်းသာအားရ သူ့ကောက်ချက်ကို ချပြတတ်တယ်။

စနေနေ့ဆို ချိုင်းတွေ ထွက်နေကျ။

မနေ့က စနေနေ့။ သူ ချိုင်းစာရွက်တွေ ဝယ်လာတယ်။ ချိုင်း စာရွက်တွေကို စာအိတ်နဲ့ ထည့်ပြီးယူလာတယ်။ ၃၂-လမ်းအလွန် ဆူးလေ လမ်းပေါ်ရောက်တော့ သူ့နားကို လူနှစ်ယောက် ကပ်လာတယ်။ "မိတ်ဆွေ ခဏ" လို့ ပြောတယ်။

"ဘာကိစ္စရှိလို့လဲ" မေးမိတယ်။

ပိန်ပိန်မည်းမည်း လူက-

"ခင်ဗျားလက်ထဲက စာအိတ်ထဲမှာ ဘာတွေပါတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သိတယ်၊ ပေးပါ''

''ဗျာ''

ရုတ်တရက်မို့ ထိတ်လန့်သွားတယ်။

''ဗျာမနေနဲ့ ကိုယ့်လူ၊ ဒီအိတ်ထဲမှာ ချိုင်းစာရွက်တွေ ပါတယ်ဆိုတာ သိနေတယ်၊ ပေးပါ''

''ခင်ဗျားဟို့က. . .''

''ဒါတွေ မေးမနေနဲ့လေ''

ခင်မောင်တင့် ဘာပြောရမည်မသိ။ စာအိတ်ကို ထုတ်ပေးလိုက်တယ်။ တစ်ဦးက စာအိတ်ဖွင့်ကြည့်ပြီး ''ခင်ဗျား ထိုးသားလား၊ ဒိုင်လား'' ဟု မေးတယ်။

''ဘာမှ မဟုတ်ဘူး''

တစ်ဦးက ပြုံးတယ်။

''ဘာပဲဖြစ်ဖြစ် ခင်ဗျားကို စခန်းပို့လိုက်ရင် ဘာဖြစ်မယ်ဆိုတာ ...ား၊ အနည်းဆုံး နှစ်နှစ်နဲ့ သုံးနှစ်ပဲ''

သူ ဘာပြန်ပြောရမည် မသိ။ ကြောက်သွားသည်က အမှန်... ...စဉ် နောက်တစ်ဦးက. . .



www.burmeseclassic.com

www.burmeseclassic.com



(၃)

"ခင်ဗျား အသက်လည်းကြီးပါပြီ၊ ကျွန်တော်တို့ကလည်း သူ တစ်ပါး ဒုက္ခမရောက်စေချင်ပါဘူး" ဟု ပြောတယ်။

"ခင်ဗျားတို့ ဘာဖြစ်ချင်လဲ"

ခင်မောင်တင့်က မေးလိုက်တယ်။

"ဘာလဲ ခင်ဗျားက ကလန်ကဆန်လုပ်တာလား၊ ရှုပ်ပါတယ်၊ စခန်းကိုလိုက်ခဲ့ပါ"

သူ ဖြုသွား၏။

"ကျုပ်က ကလန်ကဆန်လုပ်တာ မဟုတ်ဘူးလေ၊ ကျုပ် မေး တာက ခင်ဗျားတို့ ဖြစ်စေချင်တဲ့ဆန္ဒကို ပြောလို့ ပြောတာ" ဟု လေသံနိမ့် ပြောလိုက်တယ်။

အရပ်ပုပုလူက. . .

"ကျုပ်တို့ဆန္ဒက ခင်ဗျား ဒုက္ခမရောက်စေချင်ဘူး၊ ခင်ဗျားဆန္ဒ ရှိရင် ညှိကြမယ်လေ၊ ဒီမှာပဲ ဖြတ်လိုက်ချင်တယ်"

"ခင်ဗျားတို့ ဘယ်လောက်လိုချင်လဲ"

ပိန်ပိန်မည်းမည်းလူက ပြုံးလျက် 'တစ်ပုံး' ဟု ပြောလိုက်တယ်။ 'တစ်ပုံး' ဆိုသည်မှာ တစ်သိန်းကို ပြောတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကငတော့ များတာပေါ့၊ ကျွန်တော် မတတ်နိုင်ဘူး၊ ကျွန်တော်က ဝါသနာရှင်ဗျ"

တစ်ဦးက "ငါးသောင်းဆိုရင်ကော" ဟု မေးသည်။ ကျွန်တော်က "ဒါဆို မဆိုးပါဘူး၊ ဒါပေမယ့် ခုတော့ ကျွန်တော့်မှာ မရှိဘူး၊ ရှာပေးရမှာ" ဟု ပြောတယ်။

တစ်ဦးက တစ်နေရာမှာထိုင်ရအောင်ဟု ပြောပြီး မီးသတ်ရှေ့ လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြတယ်။

"ကျုပ်တို့ကိုတော့ တစ်ပတ်ရိုက်ဖို့ မကြိုးစားနဲ့နော်"

"စိတ်ချပါ"

"လောလောဆယ် ဘယ်လောက်ပါလဲ"

"တစ်သောင်း"

"ဒါဆို တစ်သောင်းထားခဲ့၊ ကျုပ်တို့က ဒီမှာ စောင့်နေမယ်၊ ငွေရှာပြီးရင် ခင်ဗျားချိုင်းတွေ ပြန်လာယူ"

"ဟုတ်ကဲ့"

သူ ငွေတစ်သောင်းပေးခဲ့ပြီး ငွေရှာထွက်ခဲ့တယ်။

"ဟာ. . . ခင်ဗျားဟာက မဟုတ်သေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မတတ်နိုင်ဘူးလေ၊ အကျယ်ကျယ် မငြိမ်းဖွယ်ဖြစ်မှာစိုးလို့ ပေးခဲ့တာ၊ ကျန်တာတော့ မပေးတော့ဘူး၊ လစ်ထွက်ခဲ့တယ်"

သူ့စကား နားထောင်ရင်း အောင်မြတ်ဦးစိတ်ထဲ ထောင်းကနဲ ဖြစ်သွားတယ်။ ဒီလူတော်တော် ထုံပါလားလို့ တွေးမိတယ်။

"ခင်ဗျားကို ဒီလိုမေးတော့ သူတို့ကို ခင်ဗျားက ပြန်မေးရမယ်၊ စိစစ်ရေးကတ် ပြခိုင်းရမယ်၊ ခု ကျွန်တော်တွေးမိတာက သူတို့က ရဲအစစ် မဟုတ်နိုင်ဘူး၊ အတုပဲဖြစ်ရမယ်၊ ခင်ဗျားကို ဟောက်စားလုပ်၊ တစ်ပတ် ရိုက်ကြည့်သွားတာပဲ ဖြစ်မယ်"

"ဘာဖြစ်လို့လဲ"

"ခင်ဗျား စဉ်းစားကြည့်ရင် သိပါတယ်။ ရဲဆိုရင် စိစစ်ရေးကတ် ပြား ပြမယ်။ ဒါမျိုးကို ရဲအစစ်က မလုပ်ဘူး၊ ဒီအလုပ်က အပြစ်သိပ် ကြီးတဲ့ အလုပ်ဗျ။ လာဘ်စားတာ၊ ထိန်ချန်တာ၊ ဥပဒေကို အလွဲသုံးစား လုပ်တာ"

"ဒါပေမယ့် ကျွန်တော်က ပြန်မေးလို့ ရစ်တယ်ထင်ပြီး စခန်းပို့ရင် ပိုရှုပ်သွားနိုင်တယ်လေ"

အောင်မြတ်ဦး ခေါင်းခါလိုက်ပြီး"ခင်ဗျား ဒီအတွေးတွေးတာကို



www.burmeseclassic.com

www.burmeseclassic.com



က မှားတယ်။ တရားဥပဒေမဏ္ဍိုင် နိုင်မာဖို့ ပြည်သူကလည်း တိကျ
သတင်းပေးနိုင်ဖို့ လိုတယ်။ မမှန်ရင် ဖော်ထုတ်ရမယ်'' ဟု ပြော
တယ်။

သူ သက်ပြင်းရှိုက်တယ်။

အောင်မြတ်ဦးရင်ထဲလည်း မောနေတယ်။ အနာဂတ်အတွ
လည်း ရင်လေးရတယ်။ ဒီအဖြစ်မျိုး အောင်မြတ်ဦး တစ်ခါမက ကြား
လသာမှာ တစ်ခါ၊ စမ်းချောင်းဘက်မှာ တစ်ခါ။ ငါးပုံး ပေးလိုက်
တာနဲ့၊ နှစ်ပုံးပေးလိုက်ရတာနဲ့၊ ပြောမပြောချင်တော့။

မြန်မာစကားတွင် 'ကြောက်တတ်ရင် ဝန်ကင်း' ဟု အဆိုရှိတ
ဒါပေမယ့် 'ကြောက်တတ်လို့ ဝန်ပိနေသူတွေလည်း အများကြီး
တကယ်တော့ နှစ်လုံး၊ သုံးလုံးကို နှိပ်ကွပ်နေတာ အမှန်ပဲ၊ ဘောက်ချ
လယ်ဂျာနဲ့ တိတိကျကျ သေချာမှ ရဲက အထောက်အထားနဲ့ ဖမ်းတ

အခုလို ဖမ်းတယ်ဆိုကတည်းက အကြံအဖန်ပဲ။ လူ့ရဲ့ အင်္ဂါရု
ကြည့်ပြီး ခွင်ဖန်တာပဲ။

ပြီးတော့ ငွေလာပေးရင် ချိုင်းစာရွက်ပြန်ပေးမယ်ဆိုကတည်း
ဘယ်မှာ မှန်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် ဒီချိုင်းစာရွက်တွေက ခိုးရိုက်တာ။ ပုံနှိပ်ဥပဒေနဲ့ဆိုရင် အပြစ်ရှိတယ်။ ပြီးတော့ တည်ဆဲဥပဒေအရ အရေးယူမယ်။

တကယ်တော့ လူတွေက ကြောက်တတ်လို့ အမှန်တရားတွေ ဖိမ်မြုပ်နေတာလည်း ရှိရဲ့။

ဒီလိုချိုင်းစာရွက်တွေ့လို့ ဖမ်းတယ်ဆိုရင် ကိုယ်ကလည်း ချိုင်းစာရွက် ဝယ်တဲ့နေရာကို ပြရမယ်။ ဒီနေရာက ဖြန့်ချိတာ ဖြန့်ချိရာက ပုံနှိပ်ရာ၊ အဆင့်ဆင့် ပြလိုက်ရင် ပင်မကို တွေ့တယ်။ ပင်မကို ဖြိုနိုင်ရင် **အကိုင်းအခက်ဆိုတာ ဘာအရေးလဲ။**

ပြည်သူတွေက ရဲရင့်ဖို့လိုတယ်။

ဒီလိုဖမ်းရင် စိစစ်ရေးကတ် ပြနိုင်းရမယ်။ မပြနိုင်ရင် အတုအယောင်ကို ဖော်ထုတ်ဖို့ ကိုယ်ကကြိုးစားရမယ်။ နေရာတကာမှာ လုံခြုံရေး အဖွဲ့ဝင်တွေ ရှိတယ်။ အကြောင်းကြားရမယ်။ ဒါမှမဟုတ် အရေးကြုံရင် ခစဉ်ကူညီတဲ့ ဝမ်းနိုင်းနိုင်းရှိတယ်။

ဒါကို ပြည်သူတွေသိဖို့ လိုတယ်။

ဒီလိုမှမဟုတ်ရင် အတုအယောင်တွေက ပိုပြီး ကန်းတက်လာမယ်။ အယောင်ဆောင်တွေရဲ့ **စားကျက်** ပိုကျယ်လာမယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူတွေ အစဉ်သတိရှိထားဖို့က ပြည်သူကို ကူညီမ
ပြည်သူ့ရဲ့ဆိုတာ အချိန်တိုင်း၊ နေရာတိုင်းမှာ ရှိတယ်။ ၂၄–နာရီ မနားမ
ဝမ်းနိုင်းနိုင်း ရှိတယ်ဆိုတာပဲ။

တကယ်တော့ ဒီအကြောင်းမပြောချင်ပါဘူး။

ဒါပေမယ့် မပြောလို့လည်း မဖြစ်ပြန်ဘူး။ ဘာဖြစ်လို့လဲဆို
ဒီလိုအဖြစ်တွေ များသထက် များလာရင် ပြည်သူ့ရင်ထဲမှာ ထင်ယော
ထင်မှားစိတ်တွေ ဝင်လာမယ်။ ပြည်သူကို အစဉ်ကူညီတဲ့ ရဲတပ်ဖွဲ့လည
နာမည်ပျက်မယ်။ ဒါကြောင့် အောင်မြတ်ဦး ပြောရတယ်။

အတု အယောင်တွေ၊ အယောင်ဆောင်တွေ ပေါ်တဲ့ခေတ်
ပြည်သူတွေ စဉ်းစားတတ်ရမယ်။ တိကျ ရဲရင့်ဖို့လိုတယ်။ အမှန်တ
အတွက် ရင်ဆိုင်ရဲရမယ်။

ဒီလိုပြောလို့ အောင်မြတ်ဦးကို လွန်တာပေါ့လို့ ပြော
အောင်မြတ်ဦးကလည်း ‘လွန်တာရှိရင် ဝန္ဒာမိပါခင်ဗျာ” လို့ ပြောရ
မှာပဲ။ ဒီအဖြစ်မျိုးက ကြွာရင် မကောင်းတာတော့ အမှန်ပဲခင်ဗျာ

အောင်မြ



www.burmeseclassic.com

www.burmeseclassic.com



# အရုပ်၊ အရောင်၊ အရိပ်

အောင်မြတ်ဦး

www.burmeseclassic.com

www.burmeseclassic.com



# အရုပ်၊ အရောင်၊ အရိပ်

[ ၁ ]

လောကတွင် လူများစွာရှိသကဲ့သို့ အကြောင်းပေါင်းများစွာလည်း ရှိသည်။ အချို့အကြောင်းက ဆွတ်ပျံ့ကြည်နူးဖွယ် ကောင်းသည်။ အချို့ အကြောင်းက လွမ်းမောဖွယ် ကောင်းသည်။

ကျွန်တော်သည် စာရေးဆရာတစ်ဦးပီပီ ရောက်ရာအရပ်တွင် တွေ့ရာလူများ၏ ဘဝအကြောင်းအရာပေါင်း မနည်းတော့ချေ။ တချို့ အကြောင်းက သမားရိုးကျဆန်ပြီး သင်ခန်းစာ ရစေကာ တချို့အကြောင်း က ဆန်းကြယ်ကာ အံ့ဩဖွယ်ကောင်း၏။

ယခု ကျွန်တော် တင်ပြမည့်အကြောင်းကား မထူးသလောက်



www.burmeseclassic.com

www.burmeseclassic.com



နှိုသော်လည်း ဆန်းသည်ဟု ထင်ရသည်။ အဘယ်ကြောင့်ဆိုသော် ထို အကြောင်းသည် ဝတ္ထုနှယ် ဆန်းကြယ်ပြီး မယုံနိုင်စရာကောင်းသော ကြောင့်တည်း။

[ ၂ ]

အကယ်၍ သင်သည် ကိုချိန်မင်းကို တစ်နေရာတွင် တွေ့မည် ဆိုပါစို့။ သင်သည် ကိုချိန်မင်းအား လူသတ်သမား တစ်ဦးအဖြစ် ယိုးစွပ် လိမ့်မည်မဟုတ်။ ကိုချိန်မင်းသည် ပကတိ တည်ကြည်ဖြူစင်သော အသွင် ရှိသောကြောင့်တည်း။ ကိုချိန်မင်းသည် မျက်လွှာချနေ၏။ စကားကို ငြင်သာစွာဆို၏။ ကျွန်တော်နှင့် ကိုချိန်မင်းတို့ ဆုံတွေ့ရသည်ကား 'အင်းစိန်ထောင်' တွင် ဖြစ်သည်။ ထုံးစံအတိုင်း ကျွန်တော်ကလည်း အခန်းစာရေး စာရင်းယူချိန် အကူအညီပေးသည့် အနေနှင့် မေးမြန်းခြင်း အမှုကိုပြုသည်။ အခန်းစာရေး တပည့်က စာရင်းသွင်းသည်။

ကိုချိန်မင်း အလှည့်ရောက်လျှင် ထုံးစံအတိုင်း မေးရသည်။

"အမည်"

"ချိန်မင်း"



www.burmeseclassic.com

www.burmeseclassic.com



"အသက်"

"၄၅-နှစ်"

"အဖအမည်"

"ဦးအောင်ချိန်"

"ပြစ်မှု"

"လူသတ်မှု၊ အလောင်းဖျောက်မှု"

"ပြစ်ဒဏ်"

"၁၀-နှစ်"

ကျွန်တော့်မေးခွန်းများကို မေးရင်း အံ့သြရသည်။ ကျွန်တော့်ရှေ့သို့ အကျဉ်းသားတစ်ဦးအဖြစ် ရောက်နေသော်လည်း မယုံချင်။ တခုခုများ မှားနေသလားဟု မဆီမဆိုင် တွေးမိသည်။ ထို့ကြောင့်လည်း ညအိပ်ရာချပြီးလျှင် ကိုချိန်မင်းကို တွေ့ဆုံဖြစ်ပါသည်။ ကျွန်တော့်စိတ်ထဲတွင် မယုံမကြည် ဖြစ်နေသည်။

ကိုချိန်မင်းက "ကျွန်တော် တကယ်ပဲ ပြစ်မှုကို ကျူးလွန်ခဲ့တယ် အဘ" ဟု ပြောသည်။

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အဘ၊ ကျွန်တော် ဒီပြစ်မှုကို လွန်ခဲ့တဲ့ (၁၀)နှစ်ထော်ဝန်းကျင်က ကျူးလွန်ခဲ့တာ။ ပြီးတော့ ဒီပြစ်မှုကို ကျွန်တော် ကိုယ်တိုင်ဖျောက်ဖျက်ခဲ့လို့လဲ ပျောက်သလောက် ဖြစ်နေတာ"

"ဒါဆို အခုဒီပြစ်မှုပြန်ပေါ်လာတာ ဘာကြောင့်လဲ"

ကိုချိန်မင်းက သက်ပြင်းချပြီး. . .

"ကျွန်တော့်သားကြောင့်လေ" ဟု ပြော၏။

"ဘာ. . . ခင်ဗျားသားကြောင့် ဟုတ်လား။ ခင်ဗျားသားက ဘယ်လို ဒီအမှုထဲပါလာတာလဲ၊ ခင်ဗျားသားက ဘယ်အရွယ်လဲ"

"၆ နှစ်"

"ဟင်"

ကျွန်တော် အံ့ဩရသည်။ ကိုချိန်မင်းက ရီဝေစွာ အဝေးကို ကြည့်ရင်း သက်ပြင်းချသည်။

"အဘ သိချင်ရင် ပြောပြပါ့မယ်" ဟု ပြောသည်။

ကျွန်တော်က. . .

"ကျွန်တော် စိတ်ဝင်စားတာတော့ အမှန်ပါပဲဗျာ" ဟု ပြောလိုက်သည်။ သူက. . .



www.burmeseclassic.com

www.burmeseclassic.com



"အဖြစ်က ဒီလို" ဟု ဇာတ်လမ်းစသည်။

[ ၃ ]

ကိုချိန်မင်းတွင် မိတ်ဆွေတစ်ဦးရှိသည်။ အခင်ဆုံးဟုလည်း ပြောလို့ရသည်။ အလုပ်တူ သူငယ်ချင်းလည်း ဖြစ်သည်။ သူ့အမည်က ကိုစန်းမော် ဖြစ်သည်။ ကိုချိန်မင်းနှင့် ကိုစန်းမော်က နယ်လှည့် ကန်ထရိုက် အလုပ်လုပ်သည်။ ကိုစန်းမော်က အသောက်အစား ရှိသည်။ ငွေရှိလို့က ငွေနှင့် အရာရာကို စိုးမိုးလိုစိတ်ရှိသည်။

မြစ်ဝကျွန်းပေါ် မြို့ကလေးတစ်မြို့။

ဇာတ်ပွဲ ကန်ထရိုက်လုပ်ရင်း ကိုချိန်မင်းနှင့် မသီရိ ဆိုသော မိန်းကလေးတို့ မေတ္တာမျှကြသည်။ မသီရိတို့ မိသားစုက ချို့တဲ့သည်။ မသီရိက ရိုးသားသူ။ မသီရိနှင့် ကိုချိန်မင်း မေတ္တာမျှနေသည့် အကြောင်း ကိုလည်း ကိုစန်းမော်သိသည်။

သို့သော် ကိုစန်းမော်သည် မရိုးသားခဲ့။

တစ်နေ့ မသီရိက. . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုချိန်၊ မေမေတို့က သီရိကို ကိုစန်းမော်နဲ့ ယူဖို့ နားချနေပြီ။ ဘယ်လိုလုပ်ကြမလဲဟင်" ဟု ပြောသဖြင့် ကိုချိန်မင်း အံ့သြရသည်။ ဒီအတူ အဖြစ်အပျက်တစ်ခုကို ကိုချိန်မင်း သတိရမိသည်။

တစ်ညသ ကိုစန်းမော် အရက်မူးလာသည်။ ပြီးတော့. . .

"ဒီညတော့ ငါ မင်းကို အပြတ်ပြောရမယ် ချိန်မင်း၊ ငါ သီရိကို ချစ်နေပြီ" ဟု ပြောရာ ကိုချိန်မင်းက. .

"ကိုစန်းမော်ကလည်းဗျာ၊ ကျွန်တော်နဲ့ သီရိအကြောင်းကိုလည်း ခင်ဗျားအသိပဲ။ ခင်ဗျားစဉ်းစားပါဦး" ဟု ပြောလျှင် ကိုစန်းမော်က ဟားဟားဟားရယ်လျက်. .

"သိတယ်လေ။ အဲဒါ ဘာဖြစ်လဲ။ အချစ်ဆိုတာ တားမရဘူးကွ၊ ငါ ဆုံးဖြတ်ပြီးပြီ။ သီရိဟာ ငါ့မယားပဲ ဖြစ်ရမယ်။ ငါ့မှာ ငွေရှိတယ်။ ငွေနဲ့ ငါ သီရိကို အရယူမယ်" ဟု ပြောသည်။

"ခင်ဗျားဟာ လူယုတ်မာပဲ"

"အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူးကွ"

သူ့စကားအဆုံးတွင် ကျွန်တော်က "စန်းမော်က သစ္စာမဲ့တာပဲ" ဟု ပြောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အဘ၊ သူက သီရိမိဘကို ငွေနဲ့ စည်းရုံးတယ်လေ။ သီရိ မိဘကလည်း ဆင်းရဲတော့ ကျွန်တော် အပြစ်မပြောပါဘူး"

"ဒီတော့ မင်း ဘာလုပ်လဲ။ မင်း စန်းမော်ကို သတ်လိုက်လား"

ကိုချိန်မင်းက ခေါင်းခါသည်။

"အဲတုန်းက စန်းမော်ကို ကျွန်တော်မသတ်ဘူး။ သီရိကို ကျွန်တော် ခိုးယူပါတယ်။ ခက်တာက ဒီအချိန် စန်းမော် ကျွန်တော်တို့ ပုန်းနေရာကို ရောက်လာတာပဲ"

"သူက ဘာလာလုပ်တာလဲ"

"သူကတော့ အကူအညီ လိုမယ်ထင်လို့ လာပေးတာလို့ ပြောတယ်။ ကျွန်တော်ရော သီရိရော မယုံတော့ဘူး"

"ဒါကြောင့် မင်း စန်းမော်ကို သတ်လိုက်လား"

သူက ခေါင်းညိတ်သည်။

"ဟုတ်တယ်အဘ၊ စန်းမော်လိုက်လာပြီး အပြန်မှာ လိုက်ပို့ရင်း သတ်လိုက်တာ။ ပြီးတော့ သူ့တစ်ကိုယ်လုံး ကောင်းညှင်းထုပ် တစ်ထုပ်လို ကြိုးနဲ့အထပ်ထပ်ထုပ်၊ ပလတ်စတစ်နဲ့ထုပ် ထင်းရှူး သေတ္တာထဲ ထည့်ပြီး လျှိုးထဲမှာ မြှုပ်ပစ်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက် မင်း ပြဿနာရှင်းရသေးလား"

"ရှင်းရတာပေါ့။ စန်းမော် မိဘတွေက လူပျောက်တိုင်ဘော့ ကျွန်တော့်ကို စစ်ကြ၊ ဆေးကြတယ်လေ၊ ဒါပေမယ့် စန်းမော် သေသလား ရှင်သလား ဘယ်သူမှ မသိကြသလို သက်သေလည်း မရှိလို့ ကျွန်တော် လွတ်သွားတယ်"

"မင်းသားက ဒီအမှုနဲ့ ဘယ်လို ပတ်သက်သလဲ"

"ပတ်သက်ပုံ ပြောရရင် ရင်နာစရာပါ၊ အဘရယ်" ဟု သူက ပြောသည်။

ကိုချိန်မင်းနှင့် သီရိတို့ အိမ်ထောင်သက် (၂) နှစ်တွင် သားဦးလေး ရခဲ့သည်။ သားလေးက ချစ်စရာကောင်းသော်လည်း ကံနည်းသည်ဟု ပြောရမည်။ သားကလေးတစ်ကိုယ်လုံးတွင် ကြိုးနှင့်တုပ်ထားသည့် ဒဏ်ရာများက မြင်မကောင်းအောင်ပါပြီး ဘယ်ဘက်လက်ကလေးက ရစရာမရှိသဖြင့် မွေးပြီး ဖြတ်လိုက်ရသည်။

သားကလေးကို အများက လူဝင်စားကလေး ဖြစ်ရမည်ဟု ပြောသည်။ ကိုချိန်မင်း မသိ၊ ကိုချိန်မင်း သိသည်က သားကလေး မွေးကတည်းက ကိုချိန်မင်း ချီလို့မရ။ ကိုချိန်မင်း ချီလိုက်လျှင် ကလေးက ငိုမရ



www.burmeseclassic.com

www.burmeseclassic.com



အောင် ငိုသည်။ လက်မှ လွတ်သွားသည်နှင့် ကလေးက အငိုတိတ်သွားသည်။

"ဟာ. . မင်းကလေးက ဆန်းလှချည့်လား"

ကျွန်တော်က မအောင့်နိုင် မအီနိုင် မေးလိုက်သည်။

သူက "ဟုတ်တယ် အဘ" ဟု ဖြေသည်။ ပြီးလျှင်. . .

"ကျွန်တော့်သား မွေးပြီးတဲ့နောက်ပိုင်း ကျွန်တော် သိပ်ပြာမသန့်ဖြစ်လာတယ်။ အများက လူဝင်စားလို့ ပြောကြသလို သားလေးကိုယ်ပေါ်က ဒဏ်ရာဒဏ်ချက်တွေနဲ့ ကျွန်တော်ချိုရင် ကျွန်တော့်ကို မြင်ရင် ငိုတာတွေ ဆက်တွေးရင်း စန်းမော်များ ဝင်စားသလားလို့ တွေးရင်း စိုးရိမ်လာတယ်"

"ဖြစ်နိုင်ပါ့မလားကွာ"

ကျွန်တော့် မှတ်ချက်။

"ဖြစ်နိုင်ပါ့မလားလို့ ပထမ ကျွန်တော် ဖြေတယ်။ စကားပြောတတ်တော့ ပိုပြီး ချောက်ချားလာတယ်။ ဘာဖြစ်လို့လဲဆိုတော့ သားက ကျွန်တော့်ကို တွေ့ရင် ချိန်မင်း ဖို့ကို သတ်တယ်၊ ချိန်မင်းကို ဖမ်းကြပါလို့ ပြောတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်..ဟုတ်လား"

"ဟုတ်တယ် အဘ၊ တစ်နေ့ဆို ကျွန်တော် အရမ်းတုန်လှုပ်သွားတယ်။ ဒီနေ့က ကျွန်တော် အလုပ်ကအပြန် အခန်းထဲမှာ သားတစ်ယောက်တည်း ထိုင်ပြီး သူ့မှာ ချိန်မင်းဆိုတဲ့ သူငယ်ချင်းရှိတဲ့အကြောင်း။ ချိန်မင်း ရက်ရက်စက်စက် သတ်လို့ သေရတဲ့အကြောင်း တစ်ယောက်တည်း ပြောနေတာ ကျွန်တော့်နားနဲ့ ဆတ်ဆတ်ကြားရတာ"

"ဒါဆို မင်းအမှုကို မင်းသားက ဖော်လိုက်တာလား"

သူ ခေါင်းခါပြီး...

"သူက တစ်ယောက်တည်းပြောတာပါ။ ဒါပေမယ့် လိပ်ပြာသန့်တော့ဘူးလေ။ ပြီးတော့ ကျွန်တော့်လျှို့ဝှက်ချက်ကို ဖော်ပြနေတာက ကျွန်တော့်သား၊ သူ့ကို နှုတ်ပိတ်လို့ ရပေမယ့် ကျွန်တော် နှုတ်မပိတ်ရက်ဘူး။ ပြီးတော့ သားကိုယ်တိုင်က ကျွန်တော့်ကို လူသတ်သမားအဖြစ် ဖော်ပြပြီး ဖမ်းဖို့ပြောနေတာ ကျွန်တော် ဘယ်လောက်ခံစားရတယ်ဆိုတာ အဘသိပါတယ်။ ကြာတော့ ခံနိုင်ရည် မရှိတော့ဘူးလေ။ ဒါကြောင့် ကျွန်တော် သီရိကို အဖြစ်မှန်ပြောပြပြီး ကျွန်တော်ကိုယ်တိုင် ရဲစခန်းမှာ ဖြောင့်ချက်ပေး၊ အဖမ်းခံခဲ့တာ"

အိုယွန်းယုဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အငှောင်းကို ပြန်ဖော်သေးလား"

"ဖော်ဘာပေါ့။ အရိုးပဲ ရှိတော့တယ်လေ။ ကြိုးတွေလည်း ဆွေးနေပါပြီ။ ဒါပေမယ့် အမှုတွဲက မဆွေးသေးဘူး။ ဒါက မကောင်းမှု ဆိုတာ ဆိတ်ကွယ်ရာ မရှိဘူး။ ရာဇဝတ်ဘေး ပြေးမလွတ်ဘူးဆိုတဲ့ ပြယုဂ်ပဲလေ"

"အင်း. . . မင်းတို့အဖြစ်က ရင်နာစရာပဲ။ စိတ်ကူးယဉ်ဆန်း လိုက်တာ"

"ဒါကြောင့် ပညာရှိတွေက တကယ့်အဖြစ်ဟာ စိတ်ကူးယဉ်တတ် ဆန်းကြယ်တယ်လို့ ပြောကြတာပေါ့။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ဖြေသာ တယ် အဘရယ်။ ဘယ်သူ့မှာမှ အပြစ်မရှိပါဘူး။ ဘယ်သူမပြု မိမိအမှု ပဲလေ။ ကိုယ် မကောင်းမှု ပြုခဲ့လို့ ကိုယ်ခံရတာပဲ။ ဒီဘဝ ဒီမျှသာ ဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်"

သူက အတော်ကလေး နွမ်းနယ်သွားသည်။ မျက်ရည်ကြည်များ မျက်ဝန်းအိမ်တွင် ခိုသီနေ၏။ ကျွန်တော်ကိုယ်တိုင်လည်း သူ့အကြောင်း ကို နားထောင်ရင်း စိတ်မကောင်း ဖြစ်ရသည်။ သို့သော် ဘာတတ်နိုင် မည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



လောကတွင် ကောင်းမှုပြုသူက ကောင်းမှုကို ခံစားရသလ
မကောင်းမှု ပြုခဲ့သူက မကောင်းမှုဒဏ်ကို ခံစားရသည်မှာ မမှတ
မဟုတ်လား။

ထို့ကြောင့် ကျွန်တော့်အနေနှင့် ကိုချိန်မင်းအတွက် သူ ဆုတောင်
သလို ဒီဘဝ ဒီမျှသာ ပြီးဆုံးပါစေဟု ဆုတောင်းရုံမှတစ်ပါး အခြားမတတ
နိုင်ပြီ။

အောင်မြတ်



www.burmeseclassic.com

www.burmeseclassic.com



# ပြောပြန်ရင်လည်း အောင်မြတ်ဦး လွန်ရာကျမည်

အောင်မြတ်ဦး

www.burmeseclassic.com

www.burmeseclassic.com



# ပြောပြန်ရင်လည်း အောင်မြတ်ဦး လွန်ရာကျမည်

၁။

မပြောချင်တာကတော့ အမှန်ပါပဲ။

ပြောရရင် လောကမှာ ပြောမယ်ဆိုရင်တော့ ပြောစရာက များမှများလို့ ဆိုရမယ်။ ဒါပေမယ့် ပြောချင်တိုင်း ပြောသည်၊ ကြံတိုင်း ပြောနေရရင် ဆီလိုအပေါက်ရှာသူလို့ အပြောခံရမှာ ပူချပဲ။

ဒါကြောင့် မပြောဘဲ နေတာကြာပါပြီ။

တချို့ကိစ္စတွေက 'ပြောပြန်ရင်လည်း အောင်မြတ်ဦး လွန်ရာကျမယ်'' ကိစ္စတွေ ဖြစ်မယ်။ ဒါကြောင့်မို့လို့လည်း အချို့ကိစ္စတွေကို ရှောင်နှုတ်ပိတ်နေတယ်။ အချို့ကိစ္စတွေကို မသိကျိုးကျွံ ပြုနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကလည်း အကြောင်းရှိပါတယ်။

တစ်ခါက ဒီမှာပဲ ကျွန်တော် ဆောင်းပါးတစ်ပုဒ် ရေးပြီး ပြောခဲ့တယ်။ ကျွန်တော်တို့ လိုင်သာယာမှာ ပြေးဆွဲနေတဲ့ ဘတ်စ်ကားတွေ ကိစ္စ။ ယာဉ်စီးခတွေ ပိုတောင်းတဲ့ကိစ္စ။

ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် နားနဲ့ ဆတ်ဆတ်ကြားရတဲ့ စကားတစ်ခု ရှိတယ်။ "အောင်မြတ်ဦးဆိုတဲ့ကောင် လုပ်လို့ အတော် ဒုက္ခရောက်ရတယ်။ ဒီငနဲကို တွေ့ရင် ဆုံးမချင်ပါတယ်' တဲ့။ ဘုရား.. ဘုရား. . .။

ကျွန်တော် နှုတ်ဆိတ်နေရတယ်။

ကျွန်တော် နားရွက်တောင် မလှုပ်ရဲဘူး။

ဟုတ်တယ်လေ။ ကျွန်တော်က ကလောင်ပဲ ကိုင်တတ်တာ။ မိုက်ဖို့၊ ဖိုက်ဖို့ သတ္တိ မရှိဘူးလေ။ ဒီတော့ ငြိမ်နေတာက အကောင်းဆုံး မဟုတ်လား။

ဇနီးကို ပြန်ပြောပြတော့. . .

"ဒီအန္တရာယ်များတဲ့ စာတွေ မရေးပါနဲ့ရှင်" တဲ့။

ဒီနောက်ပိုင်း စိတ်ကို ချုပ်တည်းရတယ်။ တချို့ကိစ္စတွေ



www.burmeseclassic.com

www.burmeseclassic.com



ချုပ်တည်းရတယ်။ မသိကျိုးကျွံ ပြုရတယ်။

မကျေနပ်ချက်တွေကို မျိုချရတယ်။

လိုင်းသာယာနေသူဆိုတော့ ကားဒုက္ခ ကြုံရတာပဲ။ မထသ လိုင်းက '၅၄' နဲ့ '၃၂' အားကိုးနေတယ်။ '၅၄' က စနေနေ့ဆို ခေါက်ရေလျှော့တယ်ဆိုလား။ ည (၈) နာရီဆို ကားပျောက်ပြီ။ ၃၂ ကားတွေက အခု ညဆို မြို့တော်ခန်းမရှေ့က လှိုင်သာယာကို ဆွဲပေမယ့် ည ၇း၃၀ နောက်ပိုင်း ကားပျောက်မြဲ။

တချို့ကားတွေက လှိုင်ရောအဝေးပြေးလို့ ဆိုင်းဘုတ်တပ်ထား ပေမယ့် ဆင်မလိုက်အဝေးပြေးမှာ ဂိတ်ဆုံးပြီဆိုလို့ ကားပြောင်းစီးရတာ လည်း အကြိမ်ပေါင်း မနည်းဘူး။

ဒီအကြောင်းတွေ မရေးတော့ပါဘူး။

၂။

ဒီအကြောင်းကလည်း ရေးဖို့အစီအစဉ်မရှိပါဘူး။ ခက်တာက ရေးဖို့အကြောင်း ဖန်လာတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ည. . . ကျွန်တော် ပင်ပန်းလွန်းလို့ လှိုင်သာယာ မြ
ကကဲ့' ငှားတယ်။

"ဘယ်လဲ"

"လှိုင်သာယာ"

"ဒါဆို မလိုက်ဘူး"

"ဘာဖြစ်လို့လဲ"

"နောင်ကြီးတို့ လှိုင်သာယာက လုံခြုံစိတ်ချမှု မရှိဘူးလေ

"ဗုဒ္ဓေါ"

ကျွန်တော်ရင်ခုန်သွားတယ်။ ဒီစကားကို မကျေနပ်။ ကျွန်တေ
က လှိုင်သာယာသားမို့ လှိုင်သာယာအကြောင်း သိတယ်။ ပြသ
မရှိသည့်နေရာ။ အေးချမ်းသည့်နေရာ။ လုံခြုံမှု အပြည့်ရှိသည့် နေ

ဘာကြောင့် လုံခြုံစိတ်ချမှု မရှိတဲ့နေရာလို့ ဆိုသလဲ။

ဖြစ်ချင်တော့ လှိုင်သာယာသား ကျွန်တော် မကျေမနပ် ဖြစ်
ကို တွေ့မြင်ခံစားလိုက်ရသည်။ ဒီဝေဒနာက ဒီဗီဒီကား ကြည့်
ခံစားရသည့် ဝေဒနာ။

'ကျော်ဇောလင်း' အတွေးပုံရိပ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



'နာမည်တစ်လုံးနဲ့ နေကြသူများ' ဒီဗီဒီကား။

ရုံကြီးတွေမှာ ပြပြီးသလို မြန်မာ့အသံကလည်း နှစ်ပိုင်းနှစ်ရက် ခွဲပြရဲ့။ နာမည်ကြီးတွေနဲ့ ရိုက်တဲ့ကား။ လူမင်း၊ ခန့်စည်သူ၊ မျိုးသန္တာထွန်း၊ စိုးမြတ်နန္ဒာတို့ ရိုက်တဲ့ကား။

ဒီကားက ကောင်းပါရဲ့။

သို့သော် ဒီကားရဲ့ ဇာတ်ဝင်ခန်းတစ်ခုကတော့ တကယ့်ကို ခိုးလို့ခုလု ဖြစ်ရတယ်။

ကြည့်. . .

ဒီကားမှာ 'ခန့်စည်သူ' က ကကာဒရိုင်ဘာ။

လူကြမ်းမင်းစိန်နဲ့ တစ်ဦးက ကားငှားသည်။

"လှိုင်သာယာ သွားမလို့" တဲ့။ ယာဉ်စီးခ ၂၀၀၀/- တဲ့။ ပြီးတော့ ပေါက်တောသွားမည်ဟု ပြောရဲ့။ ကားရပ်ပေးတယ်။ ဒရိုင်ဘာ ခန့်စည်သူကိုလည်း ကျန်းမာရေးအတွက် ပေါက်တောဆင်းပါဦးဟု ပြောပြီး လုယက်တယ်။ ရဲမေတစ်ဦးက ဝင်ကူတယ်။ အမှတ်တမဲ့ ကြည့်ရင် ပြဿနာ မဟုတ်။

ခက်တာက လှိုင်သာယာသွား ကျွန်တော် ခိုးလို့ခုလု ဖြစ်သွားရဲ့။



www.burmeseclassic.com

www.burmeseclassic.com


ဒါမဖြစ်သင့်တဲ့ ကိစ္စ။

ကားခ ၂၀၀၀/- က မြို့ထဲမှ ကားငှားကျွင် ပေးရသည့် ကား ငှားခ။ ကကနှင့်ဆို မြို့ထဲနှင့် လှိုင်သာယာ တစ်နာရီပန်ဝန်းကျင်ပဲ မောင်းရသည်။ ပေါက်ကောသွားစရာ မလို။

ထားတော့။ လှိုင်သာယာ ရောက်ဖို့လည်း ကြည့်ဦး။

လှိုင်သာယာဆိုတာ အင်းစိန်တစ်ဖက်ကမ်း။ သို့မဟုတ် သမိုင်း တစ်ဖက်ကမ်း။

သမိုင်းဘက်မှ သွားလျှင် ဘုရင့်နောင်တံတားမှ ကူးရတယ်။ ဘုရင့်နောင်တံတား သည်မှာဘက်မှာ မရမ်းကုန်းရဲစခန်းရှိတယ်။

တံတားကျော်လျှင် စစ်တပ်ရှိတယ်။ ပြီးတော့ စက်မှုဇုန်။ သည်မှာ လည်း နယ်မြေလုံခြုံရေး ရဲကင်းတွေအပြည့်။ ပေါက်တောသွားဖို့ လုယက် ဖို့ အခွင့်အရေး မရှိ။

ကဲ. . . အောင်ဇေယျတံတားဘက်က ကြည့်ဦးမလား။.

တံတားထိပ်ကမ်းနားတွင် ရဲကင်းရှိတယ်။ တံတားကျော်တော လည်း ရဲကင်းနှင့်။ ခြောက်ထိပ်မှာက လှိုင်သာယာရဲစခန်း။ ပေါက်တော သွားဖို့ လုယက်ဖို့ အခြေအနေ နတ္ထိ။


www.burmeseclassic.com

www.burmeseclassic.com



ည (၁၀) နာရီ၊ (၁၁) နာရီသွားမလား။

လုံခြုံမှု ရှိသည်။

ရဲတပ်ဖွဲ့ဝင်တွေက ဆိုင်ကယ်နှင့် စက်ဘီးနှင့် ကင်းလှည့်နေသည်။

ဒီဗီဒီပြတာက နေ့ခင်း။

ပြောရလျှင် ခံပြင်းစရာ ကိစ္စ။

၃။

တကယ်တော့ ဒီကိစ္စကို မပြောချင်။

ဒီအကြောင်း ရေးပြလို့ မိမိကို ထောက်သည့်မှာ အပြစ်ဆိုရင် ဆိုမယ်။ မိမိကလည်း မပြောချင်။ သို့သော် မပြောလို့ မဖြစ်။

ဘာကြောင့်လဲဆိုတော့ အဖျက်သမားတွေက မြို့သစ်တွေနဲ့ ပတ်သက်လို့ ပုတ်ခတ်နေသည့်ကိစ္စလည်း ရှိရဲ့။ လုံခြုံမှု မရှိဖူး။ ဘာဖူး ပြောကြရဲ့။ ဒီလူတွေက မြို့သစ်တွေမှာ လုံခြုံအေးချမ်းသည်ကို မသိ၍ များ။



www.burmeseclassic.com

www.burmeseclassic.com



ဟာချို့က တစ်ဆိတ်ကို တစ်အိတ်လုပ်ကြတယ်။

ကြည့်၊ ကျွန်တော်ကိုယ်တိုင် ကားငှားတော့ ပြဿနာကြုံရသည်။ 'လုံခြုံစိတ်ချရမှု မရှိဘူး' တဲ့။

ဒီအဖြစ်က မဖြစ်သင့်သည့်အဖြစ်။ ပြီးတော့ ဒီလို ဖာတ်ကောင်း မျိုးမှာ ဒီလိုဖာတ်ကွက်မျိုး ဖန်တီးတင်ပြသည်မှာလည်း မဖြစ်သင့်သည့် ကိစ္စ။ သတိထားဖို့လိုတယ်။ အပရိက သေးသေးလေးပါလို့ မလွှဆသင့်။

ပြဿနာတိုင်းက အသေးလေးမှ အကြီးကြီးဖြစ်ရသည်ချည်း။ အထူးသဖြင့် ပရိသတ်ကို ဩဇာရှိသည့် အနုပညာသမားတွေ ထိန်းသင့် သည်ဟု ပြောချင်သည်။

တကယ်တော့ ဒီအကြောင်းကို 'အောင်မြတ်ဦး' လည်း မရေးချင်။ မရေးလျှင် မဖြစ်သလို ရေးလိုက်သဖြင့် အောင်မြတ်ဦး လွန်သည်ဟု မပြောကောင်းပြောမည်။ ကိစ္စမရှိ။


လွန်တာရှိရင် ဝန္ဒာမိလို့ ပြောရုံသာရှိတော့သည်။

အောင်မြတ်ဦး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



## ပန်းဟောဝန် ခုနစ်ထွေမင်းသား

ပန်းဟောဝန်၏ အနေအထားသည်
သာမန်မဟုတ်။
အပြင်မှာ ဟောင်းနွမ်းသော်လည်း
အတွင်းတွင်မူ သားနားလွန်းလှ၏။
ပရိဘောဂများကလည်း
ခမ်းနားခေတ်မီလွန်းလှ၏။
ထိုစဉ်. . .
အပေါ်ထပ်မှ လျှောက်လာသည့်
ခြေသံကို ကြားလိုက်ရသဖြင့်
ကြည့်လိုက်ရာ. . .

အောင်မြတ်ဦး



www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

နေခြည်နုက နောသွေးနေ၏။ နေခြည်နုနှင့်အတူ အေးမြသည့် လေပြည်၏ အထိအတွေ့ကို ခံစားရသည်။

ရာသီက မိုးကုန်စ။

မိုးကုန်စမို့ ဆောင်းငွေ့တို့သမ်းလာ၏။ မြောက်လေနှင့်အတူ အှအေးဓာတ်က ပါလာသည်။ ကြည့်စမ်း. . . အဝေးတွင် ခပ်ပါးပါးနှင်းစ တို့ကို မြင်ရပြီ။

လေဝေ့တိုက်နေ၏။ လေနှင့်အတူ စခန်းရှေ့ရှိ အလံတိုင်မှ နိုင်ငံ တော်အလံသည် တလူလူလွင့်နေ၏။ လေကစား ကြွားတလူလူဝေ ဆိုတာ ဒါမျိုးလေလား။

သူ...'

သို့မဟုတ် မိုးဖော်လွင်။



www.burmeseclassic.com

www.burmeseclassic.com



သူက အသက် ၂၇ နှစ် ပတ်ဝန်းကျင်။ တည်ကြည်သည့် အသွင်ရှိသည်။ ယောက်ျားပီသသူ။ သူက ရဲတပ်ဖွဲ့ဝင်တစ်ဦး။

မိုးဇော်လွင် စားပွဲရှေ့မှာထိုင်လျက်။ ညက အထူးတာဝန်တစ်ခု ထမ်းဆောင်ခဲ့သည်။ ယခုအထိ မအိပ်ရသေးပေ။ မျက်လုံးက အိပ်ချင် ပေမယ့် စိတ်ကိုတင်းထားရသည်။ မအိပ်နဲ့ဦး၊ မအိပ်နဲ့ဦးဟု ဟန့်တား နေသလို။

ဟုတ်ပ။ အိပ်၍မရသေး။ အစီရင်ခံစာက မပြီးသေးဘူးလေ။ အစီရင်ခံစာရေးပြီးမှ အိပ်၍ရမည်ပင်။ ဒါက တာဝန်။ ဩော်. . . လူဆိုး ထိန်းဆိုသည့်ဘဝက မလွယ်။ ဉာဏ်ကစားနိုင်မှ တော်ကာကျမည်။

ကြည့်. . . ဒီကနေ့ ဒုစရိုက်သမားတွေက အရင်လိုမဟုတ်။ လေ့ကြီးထိုး ရိုးရိုးမဟုတ်။ အကွန့်တွေ၊ အညွန့်တွေများသည်။ ဉာဏ်က စားကြသည်။ သမားရိုးကျ ဒုစရိုက်သမားဆိုတာ ရှိမှရှိပါ့မလား မသိ။ ဒါကြောင့် ဉာဏ်ကို လွှာသုံးရသည်။ ခြေတစ်လှမ်းဦးအောင် ကြိုးစားနေ ရသည်။

မှတ်မိသေးရဲ့။

"တို့အနေနဲ့ ခေတ်ကို မျက်ခြည်မပြတ်မိဖို့ လိုတယ်။ သုံးသပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ဖို့ လိုတယ်။ ဒီကနေ့ခေတ်က လေ့ခေတ်၊ လှည်းခေတ် မဟုတ်တော့ဘူး။ အဏုမြူခေတ်နော်။ ပြောင်းလဲမှု၊ တိုးတက်မှုတွေ များနေပြီ။ ဒါကြောင့် တို့လည်း နည်းစနစ်သစ်တွေ သုံးရမယ်"

လူဆိုးထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်ကျော် ပြောသည့်စကား။

ဒုရဲအုပ်အောင်ကျော်က ခုမှ သုံးဆယ်ကျော်လောက်ရှိဦးမည်။ ခံ့ညား ထွားကြိုင်းသည်။ အေးဆေးတည်ငြိမ်သည်။

သူက တော်သူ။ တိကျသူ။ သူက လေ့လာမှုအားလည်း ကောင်းသည်။ စာဖတ်သဖြင့် ဗဟုသုတကြွယ်သည်။ ထိုးထွင်းဉာဏ် ကောင်းသည်။ တစ်ထွာဆို တစ်တောင်မြင်သည်။

သူက အကွက်မြင်သူဆိုလျှင်လည်း မမှား။

သူက အမှုအခင်းတစ်ခုကို အချိန်တိုတိုအတွင်း ဖြေရှင်းဖော်ထုတ်နိုင်စွမ်းသူ။

မိုးဇော်လွင်။ သူက ဒုရဲအုပ်အောင်ကျော်၏ ညာလက်ရုံး။

ညက။

ဒုရဲအုပ်အောင်ကျော်နှင့် မိုးဇော်လွင် အတူရှိသည်။ သူတို့နှစ်ဦး ပေါင်းပြီး အရေးကြီးသည့် တရားခံတစ်ဦးကို ဖမ်းနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု အစီရင်ခံစာ ရေးနေပြီ။

''ဒေါင်. . . ဒေါင်''

ရော။ စခန်းကင်းမှ နှစ်နာရီသံချောင်း ခေါက်သံကြားရပြီး ဒုရဲအုပ် အောင်ကျော်က မိုးဇော်လွင်ကို အမှာဖွင့်ထားသည်။ ''မိုးကြီး အစီရင်ခံစာပြီးတာနဲ့ ဘာမှမစဉ်းစားနဲ့ စိတ်လွတ်ကိုယ်လွှန် အိပ်ပစ်လိုက်'' တဲ့။

ဟုတ်သည်။

အစီရင်ခံစာပြီးလျှင် အနားယူရမည်။ သူကလည်း ပြီးချင်ပြီ။ သိပ်ပင်ပန်းနေပြီ။ မျက်ခွံတွေ လေးလံနေသည်။

မျက်ကြောစင်းနေပြီ။ ဒုက္ခ။

❀ ❀ ❀

[ ၂ ]

ဖိနပ်သံ ကြားသည်။ တဖြည်းဖြည်း လျှောက်လာသံ။ မိုးဇော်လွင် အစီရင်ခံစာကို ပြန်ဖတ်ရင်း အသံလာရာဆီသို့ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယူနီဖောင်းဝတ် ရဲတပ်ဖွဲ့ဝင်တစ်ဦး။

သူက ခန္ဓာကိုယ် သေးညှက်သော်လည်း မာန်ရှိသူ။ သူ့နာမည် "မောင်တိုး"။

မောင်တိုး ဝေ့ခနဲကြည့်ပြီး. . .

"ဆရာမိုး. . . ဆရာမိုးကို ဆရာအောင် ခေါ်ခိုင်းလိုက်လို့" ဟု ပြောသည်။ မိုးဇော်လွင်က ပြန်မကြည့်။ "အိုကေ" ဟု ဖြေလိုက်၏။ မောင်တိုးထွက်သွားလျှင် အစီရင်ခံစာကို လက်မှတ်ထိုးသည်။ ဖိုင်တွင်းသို့ ထည့်လိုက်သည်။ ပြီး. . . ထလိုက်၏။ ဆရာအောင်ဆိုသည်မှာ ဒုရဲအုပ် အောင်ကျော်ကို ပြောခြင်းပင်။ အကြောင်းတစ်ခုရှိပြီဟု သိနေ၏။

ဒုရဲအုပ်အောင်ကျော်၏ အခန်းနှင့် မိုးဇော်လွင်နေသည့်အခန်းက နှစ်ခန်းခြားသည်။ သူ ဖိုင်ကိုယူလိုက်သည်။ ဆရာအောင်ကို တင်ပြရဦး မည်ပင်။

အပြင်မှာ နေခြည်ဖြာလက်ဆဲ။

ဖြာလက်ဝင်းပသည့် နေခြည်စက်တို့က စခန်းတွင်းသို့ပင် စီးကျ နေသယောင်။ သစ်ပင်ထက်မှ ငှက်အော်သံတို့ကိုလည်း ကြားနေ၏။

ခု. . . ဆရာအောင် အခန်းသို့ ရောက်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိုးဇော်လွင် အခန်းဝသို့ အရောက်မှာပင်၊ အခန်းတွင်းမှ အခြေအနေကို အတိုင်းသားမြင်ရ၏။ အခန်းထဲသို့ ဆရာအောင်နှင့်အတူ တစ်စုံတစ်ယောက်ရှိနေသည်ကို တွေ့ရ၏။ သုံးတောင်ဝတ် မိန်းကလေး။ မျက်နှာချင်းဆိုင် ထိုင်နေကြ၏။

ဆရာအောင်က လျှင်ပါ၏။ မိုးဇော်လွင် အခန်းဝသို့ အရောက်တွင် "လာဟေ့ မိုးကြီး" ဟု အသံပြုသည်။ မိန်းကလေးကလည်း လှည့်ကြည့်လိုက်၏။ မိန်းကလေးက မျက်လုံးမျက်ဖန်ကောင်းပြီး နှာတံပေါ်သည်။ ပါးမို့မို့က ချစ်စရာ။ နှုတ်ခမ်းသန္တာက ဆေးမခြယ်ဘဲ ရဲနေ၏။

သူမက မည်သူမည်း။

သူမက ရဲစခန်းကို အလည်အပတ်ရောက်လာသည့် ဧည့်သည်တော့ မဖြစ်တန်ရာ။ ပြဿနာတစ်ခုခုနှင့် ရောက်လာသူပဲဖြစ်မည်။ ပြဿနာသည် သောကနှင့်ယှဉ်သည့် ပြဿနာဖြစ်မည်ဟု အတွေ့အကြုံအရသိနေ၏။

မိုးဇော်လွင်က ခပ်မှန်မှန်လျှောက်လာပြီး အနားရောက်လျှင် ရပ်လိုက်၏။ ဆရာအောင်ကို အရိုအသေပေးလိုက်၏။

"လေးစားပါတယ် မိုးကြီး။ ထိုင်"



www.burmeseclassic.com

www.burmeseclassic.com



မိုးဇော်လွင် ထိုက်လိုက်၏။ ထိုစဉ် ဒုရဲအုပ်အောင်ကျော်က. . .

"မိုးကြီးရေ. . .။ သူက ခင်ခင်လေးတဲ့။ လူသတ်မှုတစ်ခုနဲ့ ပတ်သက်လို့ အမှုလာဖွင့်တာလေ"

ဟု ပြောလိုက်လျှင် မိုးဇော်လွင်က ဆတ်ခနဲ ခင်ခင်လေးကို ကြည့်လိုက်၏။ အသေအချာ အနီးကပ်ကြည့်မှ အတော်ချောသည့် မိန်းကလေးဟု သိလိုက်သည်။ ဝါဖန့်ဖန့်အသားက ညက်ညောလွန်း၏။

ခင်ခင်လေးကလည်း ကြည့်လိုက်ပြီး။

"ဆရာတို့ အမြန်သွားရင် ပိုကောင်းမယ်ဆရာ။ အချိန်ကြာမြင့်ခြင်းနဲ့အတူ အပြောင်းအလဲလည်း ရှိသွားနိုင်တယ်လို့ ကျွန်မထင်တယ်"

ဟု ပြော၏။

မိုးဇော်လွင် ပြုံးလိုက်၏။

"စိတ်ချပါ ခင်ခင်လေး။ ကျွန်တော်တို့ အချိန်မဆွဲပါဘူး။ ဒါထက် အခင်းဖြစ်တာက ဘယ်မှာလဲ"

"ပန်းဟောဝန် ခြံမှာလေ"

သည်စကားကို ပြောလိုက်သူက ဒုရဲအုပ်အောင်ကျော်ပင်။ ပြီးတော့. . . ဆရာအောင်က ခင်ခင်လေးကို ကြည့်လိုက်ပြီး "ခင်ခင်လေး



www.burmeseclassic.com

www.burmeseclassic.com



ကောလိုက်မှာလား'' ဟု မေးလျှင် ခင်ခွင်လေး ခေါင်းခါသည်။ ပြီးမှ. . .

''ကျွန်မ လိုက်လို့မဖြစ်ဘူး ဆရာ။ ကျွန်မနဲ့ ကိုချစ်နွယ်က သဟဇာတ မဖြစ်ဘူးလေ။ ကျွန်မလိုက်ခဲ့ရင် မလိုအပ်ဘဲ ပြဿနာ ဖြစ်နိုင်တယ်။ ကျွန်မကတော့ ဒီအချိန် ပြဿနာမဖြစ်ချင်ဘူး''

''ကောင်းပြီလေ. . .။ ဒါဆိုလည်း ခင်ခင်လေး ပြန်ပါ''

ခင်ခင်လေး တစ်စုံတစ်ရာပြောလိုဟန်ဖြင့် ကြည့်သည်။ ဆရာအောင် ပြုံးလိုက်သည်။ ''စိတ်ချပါ ခင်ခင်လေး။ ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားမှာပါ။ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိပါဘူး။ ခင်ခင်လေး။ မကြာခင် အမှန်တရား ပေါ်လာမှာပါ'' ဟု ပြောသည်။

''ကျေးဇူးပါပဲရှင်။ ကျွန်မကတော့ ကိုချစ်နွယ်ကို လုံးဝကို မသကာဘူး''

''အမှန်တရားဆိုတာ ဖုံးကွယ်လို့ မရပါဘူး ခင်ခင်လေး''

ဆရာအောင် ပြုံးလိုက်၏။ ထို့အတူ ပန်းဟောဝန်သို့သွားရန် မိုးဇော်လွင်ကို အမြန်စီစဉ်ခိုင်းသည်။ ''ဟုတ်ကဲ့ဆရာ'' ဟု တုန့်ပြန်ပြီး အရိုအသေပေးကာ အခန်းတွင်းမှ ထွက်ခဲ့သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အားလုံးစီစဉ်ပြီး အခန်းထဲပြန်ဝင်လာတော့ ခင်ခင်လေး မရှိတော့။ ပြန်သွားပြီ။

"သွားမလား ဆရာအောင်"

ခေါင်းညိတ်လိုက်၏။ ထို့နောက် ထပြီး နွှဲ့ရဲ့ ဘယ်ညာနှစ်ယောက် အခန်းထဲမှထွက်ခဲ့သည်။ ကားမောင်းသူက ဆရာအောင်။ မိုးဇော်လွင်က ထိုင်လျက်။ ကားက လမ်းပေါ်ရောက်ပြီ။

"အခြေအနေက ဘယ်လိုလဲဆရာ။ ကျွန်တော်မသိလို့ ပြောပါဦး"

"အို့ကေ"

ဆရာအောင်က အပြုံးနှင့်ပြောရင်း စီးကရက်တစ်လိပ် ထုတ်ကာ နှုတ်ခမ်းတွင်ခဲလိုက်၏။ ထောက်ခနဲ မီးခြစ်ခြစ်ပြီး မီးညှိပေးသည်။

"အခုလာတဲ့ ခင်ခင်လေးက ပန်းဟေဝန်မှာ အသတ်ခံရတဲ့ ဒေါ်ခင်စံပယ်ရဲ့ မွေးစားသမီးလေး။ ဒေါ်ခင်စံပယ်ရဲ့သား ချစ်နွယ်နဲ့က အဆင်မပြေကြဘူး။ အဘွားကြီးက ခင်ခင်လေးနဲ့နေတာ။ နေမကောင်းမှ ပန်းဟေဝန်ကို ပြန်လာတာ။ ခင်ခင်လေးနဲ့ ဒေါ်ခင်စံပယ်က အဆင် အသွယ်မပြတ်ဘူး။ ဖြစ်ပုံက ဒေါ်ခင်စံပယ်ဟာ မနေ့ကအကောင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ရှိပြီး ဒီကနေ့ သေတယ်ဆိုတော့ မသက်သာဘူးလေ။ ဒါကြောင့် အမှုလာ ဖွင့်တာ"

မိုးဇော်လွင် ဂျက်မှောင်ကြုတ်လိုက်သည်။

"ကိုချစ်နွယ်က... ဒေါ်ခင်စံပယ်ရဲ့သား မဟုတ်လား။ သားက အမေ့ကို သတ်ပါ့မလား"

"သဘာဝကတော့ မှန်တယ်လေ။ ဒါပေမဲ့ ခက်နေတာက ချစ်နွယ်က လောင်းကစားသမား။ ဒါက စဉ်းစားစရာလေ"

"အင်း... ဟုတ်တော့လည်း ဟုတ်တာပဲ"

မိုးဇော်လွင် ခေါင်းဆတ်လိုက်၏။

ထိုစဉ် ဒုရဲအုပ်အောင်ကျော်နှင့် မိုးဇော်လွင်တို့ စီးနင်းလာသည့် လင့်ရိုဘာကားကလေး ခြံတစ်ခြံရှေ့သို့ ရောက်၏။ ခြံက ကျယ်ကျယ် ဝန်းဝန်းရှိသလို၊ ခြံတွင်းမှ တိုက်ကြီးက ဟောင်းအိုနေပြီ။

တကယ့်ကို ရှေးဟောင်းပုံသဏ္ဌာန်။ ၁၉ ရာစုဦးပိုင်းက ထင်ရှားသည့် ဗြိတိသျှ ဗိသုကာလက်ရာပင်။

ခြံဝတွင် ကြေးဝါဆိုင်းဘုတ်တစ်ခု ရှိ၏။ ဆိုင်းဘုတ်တွင် "ပန်းဟောဝန်" ဟု ရေးထိုးထား၏။



www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါးပွင့်နေသဖြင့် ခြံတွင်းသို့ ကားမောင်းဝင်ခဲ့သည်။ ပေါ်တီကို အောက်တွင် ကားကိုရပ်လိုက်၏။ ထိုစဉ် အိမ်ပေါ်မှ တစ်စုံတစ်ယောက် ဆင်းလာသည်ကို တွေ့ရ၏။ မိန်းကလေးတစ်ဦးပင်။

သူ့အသက်က ၃၀ ဝန်းကျင်ရှိမည်။ အင်ဒိုနီးရှားပါတိတ် ခရမ်းပွင့် ဝမ်းဆက်ဝတ်ထား၏။ မျက်နှာတွင် သနပ်ခါးပါးပါး လူးထားပြီး ဆံပင် တစ်ပတ်လျှိုထုံးထား၏။

သူက ပန်းဟောဝန်နှင့် ပတ်သက်သူ တစ်ဦးဖြစ်မည်ဟု ခန့်မှန်း မိ၏။ သို့တစေ. . . အရေးပါသူတစ်ဦးမူ မဖြစ်နိုင်။

ကားပေါ်မှ ဆင်းလိုက်ကြပြီး။

သူမနှင့် မျက်နှာချင်းဆိုင်ရ၏။ ဒုရဲအုပ်အောင်ကျော်နှင့် မီးဇော်လွင်က ယူနီဖောင်းဝတ်ထားသဖြင့် တုံ့တုံ့ဆိုင်းဆိုင်း ဖြစ်သွား၏။

ဆရာအောင် ပြုံးလိုက်၏။

"ဒီမှာ မိန်းကလေး။ ငါတို့ ချစ်နွယ်နဲ့ တွေ့ချင်တယ်" သူမက ကျိုးစွာဖြင့်. . .

"ဪ. . . ဟုတ်ကဲ့။ ဦးချစ်နွယ် အပေါ်ထပ်မှာ ရှိပါတယ်"

"ဒါဆို တို့ ချစ်နွယ်ကို သွားတွေ့ရမလား။ မင်းက ကူညီမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့က ခေါ်ပေးဆိုရင် ကျွန်မ ခေါ်ပေးပါ့မယ်။ ဘယ်သူလို့ ပြောလိုက်ရမလဲရှင့်"

"စခန်းကလို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့ရှင့်။ ဒါဆို ဧည့်ခန်းမှာ စောင့်နေပါနော်"

မိန်းကလေးက ရိုကျိုးစွာပြောရင်း ဧည့်ခန်းဆီသို့ ဦးဆောင်ခေါ်သွားသည်။ "ထိုင်ပါရှင့်" ဟု ပြောပြီး လှည့်ထွက်သွား၏။ အပေါ်ထပ်သို့ တက်သွားပြီ။

ဒုရဲအုပ်အောင်ကျော်နှင့် မိုးဇော်လွင်တို့ စီးကရက်တစ်လိပ်စီ ဖွာရင်း ဧည့်ခန်းတွင်စောင့်နေကြ၏။ သူတို့သည် ရဲတပ်ဖွဲ့ဝင်များပီပီ ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်လိုက်ကြသည်။

ပန်းဟေဝန်၏ အနေအထားသည် သာမန်မဟုတ်။ အပြင်မှာ ဟောင်းနွမ်းသော်လည်း အတွင်းတွင်မူ သားနားလွန်းလှ၏။ ပရိဘောဂများကလည်း ခမ်းနားခေတ်မီလွန်းလှ၏။

ထိုစဉ် အပေါ်ထပ်မှ ဆင်းလျှောက်လာသည့် ခြေသံကို ကြားလိုက်သဖြင့် ကြည့်လိုက်ရာ အသက် ၄၀ ကျော်ခန့်ဟု ခန့်မှန်းရသည့် ခံ့ခံ့ညားညား အမျိုးသားတစ်ဦးကို တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကိုချစ်နွယ်မှလွဲ၍ အခြားသူမဖြစ်နိုင်။

သူ အနားသို့ရောက်လာပြီ။

ဆရာအောင်က အပြုံးနှင့်ထလိုက်ပြီး. . .

"ကျွန်တော် ရဲတပ်ဖွဲ့က ဒုရဲအုပ်အောင်ကျော်ပါ"

ဟု မိတ်ဆက်လိုက်သည်။ သူ မျက်မှောင်ကြုတ်လိုက်၏။

"ကျွန်တော် ချစ်နွယ်ပါ"

ဖြေသံက ခပ်ပေါ့ပေါ့။

"ကျေးဇူးပါပဲ ကိုချစ်နွယ်။ ကျွန်တော်တို့ ကိုချစ်နွယ်နဲ့ တွေ့ဖို့ လာတာပါ"

ဆရာအောင် ပြန်ထိုင်သည်။

ကိုချစ်နွယ်ကလည်း မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်ပြီး စီးကရက်တစ်လိပ် မီးညှိရင်း "ဘာအကြောင်းများ ရှိလို့ပါလဲခင်ဗျာ"

ဟု မေးသည်။

"ဒေါ်ခင်စံပယ်နဲ့ ပတ်သက်လို့ပါ"

"မေမေနဲ့ ပတ်သက်လို့လား။ မေမေ မနေ့ကဆုံးတယ်လေ။ မေမေရောဂါနဲ့ သေဆုံးကြောင်းကိုလည်း ဒေါက်တာ ဝင်းသူရက စစ်



www.burmeseclassic.com

www.burmeseclassic.com



ဆေးပြီး ဆေးမှတ်ချက် ရေးပေးပြီးပါပြီ။ မေမေသေတာက သွေးရိုးသားရိုးပါ။ ဒါကို ခုလိုစစ်ဆေးဖို့ လာတယ်ဆိုတော့ ကျွန်တော့်အတွက် ဂုဏ်သိက္ခာ ညှိုးနွမ်းနိုင်တာပေါ့"

ဆရာအောင် အပြုံးနှင့်ကြည့်လိုက်သည်။

"ဒီအတွက် ကျွန်တော်တို့ စိတ်မကောင်းပါဘူး ကိုချစ်နွယ်။ ဒါပေမဲ့ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေအဖို့ တိုင်ကြားသူရှိရင် စစ်ဆေးရတာ ဝမ္မတာပါ"

ကိုချစ်နွယ် အလိုမကျဟန် မျက်မှောင်ကြုတ်လိုက်၏။ စီးကရက်ကို ပြာခွက်တွင် ထိုးချေပြီး "တကယ်ကို နှောက်တဲ့ မိန်းကလေးပဲ" ဟု ရေရွတ်သလို ပြော၏။

သူတို့ မသိကျိုးကျွံ ပြုနေလိုက်၏။

❁ ❁ ❁

[ ၃ ]

အပေါ်ထပ်သို့ တက်ခဲ့သည်။

ဦးဆောင်ခေါ်ယူသူက ကိုချစ်နွယ်။ အခန်းတစ်ခန်းသို့ ဝင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အခန်းသည် ကျယ်ကျယ်ဝန်းဝန်းရှိ၏။ အခန်းနံရံများကား အပြာရောင်။

အခန်းထောင့်တွင် ခုတင်တစ်လုံး ရှိသည်။ ပြင်ဆင်ထားသည့် ခုတင်။ ခုတင်ပေါ်တွင် မိန်းမကြီးတစ်ဦး ပက်လက်အနေအထား လဲလျောင်းနေ၏။ ခန္ဓာကိုယ်ပေါ်တွင် အဝါနုရောင် ဇာပဝါခပ်ပါးပါး လွှမ်းခြုံထား၏။ အလောင်းစင်ပြင်ထားခြင်းတည်း။

ရပ်လိုက်သည်။ ဒုရဲအုပ်အောင်ကျော်နှင့် မိုးဇော်လွင် အကဲခတ်ကြည့်၊ ကြည့်လိုက်၏။

ကိုချစ်နွယ်က. . .

"ကျွန်တော့်အမေက နှလုံးရောဂါ ဝေဒနာရှင်ဗျ။ ဒီဝေဒနာရှင်မျိုးက သေမင်းနဲ့စစ်ခင်းနေရတာ။ မြန်ဆန်ပြီး မယုံစရာအဖြစ်တွေလည်း အများကြီးပါ"

မိုးဇော်လွင်က "ဒေါ်ခင်စံပယ်ဟာ နှလုံးရောဂါဝေဒနာရှင်ဆိုတော့ စဉ်ဆက်မပြတ် ရောဂါကုနေရမှာပေါ့။

သူ ဒေါက်တာဝင်းသူရနဲ့ပဲ အမြဲ ကြပ်မတ်ကုနေသလား" ဟု မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရောဂါကုနေရတာတော့ အမှန်ပဲ။ ဒါပေမဲ့ ဒေါက်တာဝင်းသူရနဲ့တော့ မဟုတ်ဘူး။ ဒေါက်တာနေဝါနဲ့ပါ"

"ဒေါက်တာနေဝါကိုကော အကြောင်းကြားသေးသလား"

"အခု ဒေါက်တာနေဝါ မရှိဘူးလေ။ ဒါကြောင့် ဒေါက်တာဝင်းသူရကို အရေးပေါ်ပင့်ရတာ။ ခက်တာက ဒေါက်တာဝင်းသူရက အမေ့ရောဂါကို မကုလိုက်ရဘူး။ ဒေါက်တာဝင်းသူရရောက်တော့ အမေအသက်မရှိတော့ဘူးလေ"

ကိုချစ်နွယ်၏ ရှင်းပြချက်စကားဆုံးလျှင် ဒုရဲအုပ်အောင်ကျော်က "ကျွန်တော်တို့ ဧည့်ခန်းဆင်းရအောင် ကိုချစ်နွယ်" ဟု ပြောလိုက်၏။

"ဟုတ်ကဲ့"

ဟု ပြောပြီး သုံးဦးသားဆင်းခဲ့၏။

ဧည့်ခန်းသို့ရောက်လျှင်. . .

"ဒါ့ထက် ကျွန်တော် တစ်ခုမေးပါရစေနော်။ ကိုချစ်နွယ်အမေဒေါ်ခင်စံပယ် ဆုံးတော့ ကိုချစ်နွယ် ရှိနေသလား"

"ကျွန်တော် မရှိပါဘူး။ ကျွန်တော်က ညနေပိုင်းဆို ခရေရိပ်သာကလပ်ကို သွားရတယ်။ ကျွန်တော်သွားတော့ အကောင်းပဲ။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကလပ်ရောက်ပြီး မကြာခင် အိမ်ကဖုန်းလာတယ်။ ကလပ်ကအံပြန် ဆရာဝန်ခေါ်ဖို့ သတိရပြီး ဒေါက်တာနေဝါဆီဝင်တော့ မရှိဘူး။ ဒါကြောင့် ဒေါက်တာဝင်းသူရကို ခေါ်ခဲ့ရတာ''

ဆရာအောင်က ပြုံးလျက်. . .

''ကျေးဇူးပဲ ကိုချစ်နွယ်။ ခုလို ကူညီတာ ကျေးဇူးပါပဲ'' ဟု ပြောပြီးမှ ''ကူညီလက်စနဲ့ ဆက်ကူညီပါဦးနော်'' ဟု ပြောလိုက်သဖြင့် ကိုချစ်နွယ် နားမလည်နိုင်စွာ ကြည့်၏။

''ခင်ဗျာ. . . ကျွန်တော် ဘာကူညီရမလဲ''

''ဩော်. . . ဒီလိုပါ။ ရှင်းရှင်းပြောရရင် ဒေါ်ခင်စံပယ်ရဲ့ သေမှု သေခင်းဟာ သာမန်ထက် ပိုသယောင်ဖြစ်နေတယ်။ တိုင်သူကလည်း တိုင်လာတယ်ဆိုတော့ ပြီးစလွယ် မဖြစ်သင့်ဘူးလေ။ ဒါကြောင့် ဒေါ်ခင်စံပယ်ရဲ့ အသုဘကိစ္စကို နှစ်ရက်လောက် ဆိုင်းထားစေချင်တာ ပါ''

ကိုချစ်နွယ်က လေပူကို ဖူးခနဲမှုတ်ထုတ်ရင်း ''ဆရာတို့အနေနဲ့ အရှုံးမ ခင်လေးစကားကိုတော့ သိပ်အလေးအနက် မထားစေချင်ဘူးဗျာ'' ဟု ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ကိုချစ်နွယ်။ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေ အလေးအနက်ထားပြီး ဖော်ထုတ်နေတာ အမှန်တရားပါ။ ပြီးတော့ ကျွန်တော်တို့က ကိုနှုးကြောင်းဆက်နွယ်မှုကလွဲလို့ ဘာမှ အဓိက မထားပါဘူး" ကိုချစ်နွယ် သက်ပြင်းချလိုက်သည်။

❀ ❀ ❀

[ ၄ ]

ဒေါက်တာဝင်းသူရက နံနက်ပိုင်း ပြည်သူ့ဆေးရုံတွင် တာဝန်ထမ်းဆောင်သည်။ ထို့ကြောင့် မိုးဇော်လွင် နံနက်ပိုင်း ပြည်သူ့ဆေးရုံသို့သွားပြီး ဒေါက်တာဝင်းသူရနှင့် တွေ့သည်။

ဒေါက်တာဝင်းသူရက ဖြူဖြူနွဲ့နွဲ့ကလေးပင်။ ခန္ဓာကိုယ် ဖွံ့ဖွံ့ထွားထွားမရှိ။ အနေရိုး၍အေးသည်။

"ဘာကူညီရမလဲ ခင်ဗျာ။ ကျွန်တော် ဒေါက်တာဝင်းသူရပါ" ဟု မိုးဇော်လွင်ကိုကြည့်ကာ ပြောသည်။

"ကျွန်တော် ရဲတပ်ဖွဲ့က လူဆိုးထိန်း မိုးဇော်လွင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . . ကျေးဇူးပါပဲ ကိုမိုးဇော်လွင်။ ပြောစရာရှိရင် ပြောပါ"

"တခြားတော့ မဟုတ်ပါဘူး။ တမြန်နေ့က ဒေါက်တာ ပန်းဟောဝန်ကို ရောက်ခဲ့တယ် မဟုတ်လား"

ဒေါက်တာဝင်းသူရ ခေတ္တစဉ်းစားပြီး. . .

"ဟုတ်ပြီ။ ကျွန်တော် သတိရပြီ။ ကျွန်တော့်ကို ကိုချစ်ခွယ် သူ့မိခင်ကြီးကို လာကြည့်ဖို့ လာပင့်တာနဲ့ ပန်းဟောဝန်ရောက်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော် မကုလိုက်ရပါဘူး။ ကျွန်တော်ရောက်တော့ လူနာက အသက်မရှိတော့ဘူး။ ဒါကြောင့် သေဆုံးတာမှန်ကန်ကြောင်း ထောက်ခံချက်ပေးခဲ့ရတယ်"

မိုးဇော်လွင်က "ဒေါက်တာ သေဆုံးသူကို ကြည့်ပေးတယ်ဆိုတော့ အခန်းထဲမှာ. . ." စကားဖြတ်ပြီး ကြည့်လိုက်၏။ ဒေါက်တာဝင်းသူရက "ဟုတ်တယ်။ အခန်းတစ်ခန်းထဲမှာပါ" ဟု ပြော၏။

"အခန်းက အခန်းကျယ်လား"

"မဟုတ်ဘူး"

"ဒါဆို. အခန်းအခြေအနေကို ဒေါက်တာမှတ်မိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မှတ်မိတာပေါ့။ အခန်းက ကျဉ်းကျဉ်းလေးပါ။ ကြွက်သိုက်လို ဖြစ်နေတယ်။ အခန်းနံရံကို အဖြူရောင်သုတ်ထားတယ်"

"ဟုတ်ကဲ့လား ဒေါက်တာ။ အခန်းနံရံက အပြာရောင် မဟုတ်ဘူးလား"

"ဘယ်ကဟုတ်ရမလဲ။ အခန်းနံရံက အပြာရောင်မဟုတ်ဘူး။ အဖြူရောင်မှ အဖြူရောင်အစစ်"

မိုးဇော်လွင် ပြုံးလိုက်၏။ "ကျေးဇူးပဲ ဒေါက်တာ။ အခုလို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ခွင့်ပြုပါဦး" ဟု ပြောလိုက်၏။

"ကောင်းပါပြီ ကိုမိုးဇော်လွင်။ အကူအညီလိုရင် အချိန်မရွေး လာပါ"

❀ ❀ ❀

ဒုရဲအုပ်အောင်ကျော်က မျက်မှောင်ကြုတ်လိုက်ပြီး "ဒါဟာ စဉ်းစားစရာ အချက်တစ်ခုကွ" ဟု ပြောသည်။ ပြီးနောက်. . . ခေါင်းတညိတ်ညိတ်နှင့် လေးနက်စွာ စဉ်းစားနေစဉ် မိုးဇော်လွင်က



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် စဉ်းစားရတာ တစ်ခုပြောချင်တယ် ဆရာ" ဟု ပြောသည်။

"ပြော"

"ကိုချစ်နွယ်ဟာ ဒေါ်ခင်စံပယ် သေမှုသေခင်းကိစ္စမှာ တစ်စုံတစ်ယောက်ကို အသုံးချလိုက်တာကော မဖြစ်နိုင်ဘူးလား။ ဥပမာ ဆရာရယ်။ ဒေါက်တာဝင်းသူရကို ခေါ်ပြတော့ ဒေါ်ခင်စံပယ် မဟုတ်ဘဲ တခြားတစ်ယောက် ဖြစ်ခဲ့ရင် ဆိုပါတော့"

"အေး. . , ငါလည်း ဒါပဲစဉ်းစားနေတာ။ ဒီအချက်ဟာ အရေးပါတယ်။ နိုင်မာတဲ့ သဲလွန်စလည်း ဖြစ်တယ်ကွ"

ဒုရဲအုပ်အောင်ကျော်ကပြုံးရင်း လက်ဖျစ်တစ်ချက် တီးလိုက်ရင်း "စဉ်းစားတာထက် ပိုကောင်းတဲ့နည်းကို ငါစဉ်းစားရပြီ မိုးဇော်လွင်" ဟု ပြောသည်။

"ဘာလဲ ဆရာ" ဟု ဆန္ဒစောစွာ မေးသည်။

"ခင်ခင်လေးကို တွေ့ဖို့လေ။ ခင်ခင်လေးဟာ ပန်းဟောဝန် အကြောင်း အသိဆုံးလူတစ်ယောက် မဟုတ်လား"

"ဟုတ်တယ် ဆရာ။ ဟုတ်တယ်"

ဆရာအောင်က ပြုံးလိုက်ပြီး တယ်လီဖုန်းကို ပုခက်တွင် ခွဲယူပြီး



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်ကို တစ်ခုချင်း လှည့်လိုက်၏။

❀ ❀ ❀

[ ၅ ]

ခင်ခင်လေး ရောက်လာသည်။ အဖြူရောင်အင်္ကျီလက်ရှည်နှင့် မီးခိုးရောင်လုံချည်ကို ဝတ်ထားသည်။ မျက်နှာတွင် သနပ်ခါးမရှိ။

"ဘာ အကြောင်းထူးသလဲ. . . ဆရာ"

ဟု ရောက်မဆိုက်မေးသည်။

"ထူးတော့ မထူးသေးဘူး ခင်ခင်လေး။ ဒါပေမဲ့ ထူးရိပ်တော့ သမ်းနေပြီ ဆိုရမယ်"

"ပြောပါဦး ဆရာ"

သူမေးပုံက အားတက်သရော နိုင်လှ၏။

"တခြားတော့မဟုတ်ဘူး ခင်ခင်လေး။ အခုဆိုရင် ကျွန်တော်တို့ စုံစမ်းသင့်သလောက် စုံစမ်းပြီးသလို၊ သဲလွန်စလည်း ရသင့်သလောက် ရပြီ။ ဒီထဲမှာ ဒွိဟဖြစ်စရာ အကြောင်းတွေလည်း အများကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတော့''

''ဘာတွေလဲ ဆရာ။ ကျွန်မ သိတာဆို ပြောပြမှာပါ''

ဆရာအောင် မျက်မှောင်ကြုတ်လိုက်ပြီး. . .

''ပန်းဟောဝန် အသိုက်အဝန်းမှာ လူဘယ်နှစ်ယောက်ရှိတယ် ဆိုတာ သိချင်တယ်''

''အခုလား၊ အရင်ကလား''

''ဖြစ်နိုင်ရင် အခြေအနေနှစ်ရပ်ကို သိချင်တယ် ခင်ခင်လေး''

သူက စဉ်းစားပြီး. . .

''အခုဆိုရင်တော့. . . ပန်းဟောဝန်မှာ မေမေကြီးရယ်၊ ကိုချစ်နွယ်ရယ်၊ သူ့ဇနီးရယ်၊ အိမ်ဖော်မလေးရယ် ရှိတယ်။ အဲ. . . အရင်ကဆိုရင်တော့ ဒီလူတွေအပြင် ဒေါ်သူဇာဆိုတဲ့ အိမ်ဖော်တစ်ဦး ရှိသေးတယ်။ ဒေါ်သူဇာဟာ မေမေကြီးနဲ့ သက်တူရွယ်တူပဲ။ ဒေါ်သူဇာက ပန်းနာရင်ကျပ်ရောဂါသည်။ ခုတော့ အလုပ်ကထွက်သွားပါပြီ''

ဟု ရှင်းပြသည်။ မိုးဇော်လွင်က ခင်ခင်လေးစကားကို နားထောင်ရင်း ဆတ်ခနဲ ကြည့်လိုက်သည်။ မိုးဇော်လွင် မျက်နှာဝင်းလက်သွား၏။

''ခင်ခင်လေး၊ အခု ဒေါ်သူဇာရှိသေးလား။ ဘယ်မှာနေလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်သူဇာ အလုပ်ကထွက်သွားတာ တစ်နှစ်ကျော်ပြီ။ ကိုချစ်နွယ်နဲ့တော့ အဆက်ပြတ်ဟန်မတူဘူး။ သူနေတာက ဇေတဝန်လမ်းမှာပဲ"

"ကျေးဇူးပဲ ခင်ခင်လေး။ ဒီအတိုင်းဆိုရင် အမှုက ရှင်းသယောင်ရှိနေပါပြီ"

ဟု ပြောလိုက်သည်။ ခင်ခင်လေးက နားမလည်နိုင်စွာ ကြည့်လိုက်သည်။

ကားစတီယာရင်ကို ထိန်းကိုင်ရင်း "ငါ ဦးကျော်ခေါင်နဲ့ ဝင်တွေ့လိုက်ဦးမယ်" ဟု ပြောသည်။

"ဆရာ့ သဘောလေ"

ဒါက မိုးဇော်လွင်ပြောနေကျ။ ဆရာအောင်က တိကျသူ။ အရာရာကို အကျိုးမဲ့ပြုတတ်သူ မဟုတ်။ တပည့်ရှင်းမို့ အကြောင်းတစ်ခုရှိမည်ဟု သိလိုက်သည်။ မိုးဇော်လွင်အဖို့ ဦးကျော်ခေါင် ဘယ်မှာနေသည်ကို မသိ။

ထိုစဉ် ကားကို ခြံတစ်ခြံရှေ့ရပ်လိုက်၏။ ဆိုင်းဘုတ်ကြောင့် "မိုးမခရိပ်ငြိမ်" ဟု သိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခဏစောင့်နော်"

"ဟုတ်ကဲ့၊ ဆရာအောင်"

ဆရာအောင် ဆင်းသွားပြီ။ ဒီအိမ်သည် ဦးကျော်ခေါင်အိမ် ဖြစ်ရမည်ဟု သိလိုက်သည်။ မိုးဇော်လွင် စီးကရက်တစ်လိပ် မီးညှိဖွာရင်း စောင့်သည်။

စီးကရက် တစ်ဝက်ကျိုးခန့်တွင် ဆရာအောင် ပြန်ရောက်လာ၏။ မိုးဇော်လွင် စီးကရက်ကို ရေကန်ဆီသို့ တောက်ပစ်လိုက်၏။

"တို့အတွက် သဲလွန်စတစ်ခုတော့ ရပြန်ပြီကွ"

"ဟုတ်လား။ ဘာများလဲ ဆရာအောင်"

"ဒီလိုကွ။ အခု ငါသွားတွေ့တဲ့ ဦးကျော်ခေါင်ဆိုတာ ခရေ ရိပ်သာကလပ်ရဲ့ မင်ဘာတစ်ဦးလေ။ ချစ်နွယ်ကလည်း မင်ဘာပဲ။ ဒါကြောင့် စနည်းလာနာတာ။ ဦးကျော်ခေါင် ပြောစကားအရ ဆိုရင် ချစ်နွယ်ဟာ လောင်းကစားဝါသနာ ပါတယ်။ ခုတလော ချစ်နွယ်အရှုံးများ ပြီး ငွေလိုနေသလို ကလပ်ကို ငွေသွင်းဖို့လည်း ရှိနေတယ်လို့ သိရတယ်"

"ဒါဆို ဆက်စပ်တွေးရင်း စဉ်းစားစရာချည်းပဲပေါ့"

"ဒါပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာအောင်က ခပ်အေးအေးပြောရင်း ကားစက်ကို နှိုးလိုက်၏။ ကားကို မောင်းထွက်ခဲ့သည်။

နှစ်ဦးသား တိတ်ဆိတ်နေ၏။

သို့နှင့် မကြာခင် ကားကလေး ဇေတဝန်လမ်းသို့ ရောက်ခဲ့၏။ ဒေါ်သူဇာအိမ်ကို သိမ်မရှာလိုက်ရ။ အိမ်ကို တွေ့ရသည်။ ဒေါ်သူဇာနှင့်မူ စကားပြောခွင့်မရ။ ဒေါ်သူဇာက သေနေလေပြီ။

"ဒေါ်သူဇာ ဘယ်လိုဖြစ်တာလဲ"

မိုးဇော်လွင် မေးလိုက်သည်။

"မေမေ ပန်းနာရင်ကျပ်နဲ့ နှလုံးရောဂါသည်လေ. . . မနေ့ကပဲ ဆုံးတာ"

"ဒီမှာ ဆုံးတာလား"

နုနုလွင် တစ်ချက်ကြည့်သည်။

"ဘာကို ဆိုလိုတာလဲ"

"ဒီလိုပါ။ ဒေါ်သူဇာ အိမ်မှာနေရင်း ဆုံးတာလား။ ဒါမှမဟုတ် ဆရာဝန်သွားပြသေးလားဆိုတာ ကျွန်တော်တို့ သိချင်လို့ပါ"

နုနုလွင် မဖြေသေး။ ထိုစဉ် အနားရောက်လာသည့် လူငယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးက "ဒေါ်ဒေါ် ရောဂါဖြစ်နေတာတော့ ကြာပါပြီ။ မရတော့မှန်းလည်း သိနေကြတယ်။ မနေ့ကတော့ ကိုချစ်ရောက်လာပြီး ဆရာဝန်ပြပေးဖို့ ခေါ်သွားတယ်" ဟု ဝင်ရှင်းပြသည်။

မိုးဇော်လွင်က "ကိုချစ်ဆိုတာ ကိုချစ်နွယ်လား" ဟု မေးသည်။

"ဟုတ်တယ်"

"ကိုချစ်နွယ် ဆရာဝန်ပြဖြစ်သေးလား"

"ဒါတော့ ကျွန်တော်တို့ မသိဘူး။ ကိုချစ်ပြန်လာပို့တော့ မေမေ အသက်မရှိတော့ဘူး"

ဟု ပြောသည်။ ဒုရဲအုပ်အောင်ကျော်က ပြုံးလိုက်ပြီး "ကျေးဇူးပဲ" ဟု ပြောလိုက်၏။

❀ ❀ ❀

[ ၆ ]

ကားရပ်လိုက်လျှင် လျင်မြန်စွာ ဆင်းလိုက်သည်။

ဧည့်ခန်းကို လှမ်းဝင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုချစ်နွယ်က ညည်ခန်းတွင်ထိုင်နေ၏။ မိုးဖော်လွင်တို့ကို တွေ့လျှင် ဆတ်ခနဲ ထလိုက်သည်။ ရှောင်ရန် ဟန်ပြင်လိုက်သည်။

ဒုရဲအုပ်အောင်ကျော်က ရှေ့မှကာရပ်လိုက်၏။

"ရှောင်ပြေးဖို့ မကြိုးစားနဲ့ ကိုချစ်နွယ်။ ခင်များအကြောင်းကို ကျွန်တော်တို့ ရဲတပ်ဖွဲ့က သိနေပြီလေ"

"ခင်ဗျားတို့ ဘာတွေပြောနေတာလဲ"

"အမှန်တရားတွေလေ ကိုချစ်နွယ်ရဲ့။ အကောင်းဆုံးက ခင်ဗျား ဆင်သေကို ဆိတ်သရေနဲ့ မဖုံးဖို့ဘဲ။ ခင်ဗျား ဒေါ်ခင်စံပယ်ကို သတ်တယ် ဆိုတာ နိုင်မာစွာသိနေပြီလေ"

"ဒါ သက်သက်စွပ်စွဲတာပဲ"

"ဒါက ခင်ဗျား အယူအဆပါ။ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေ ကတော့ မခိုင်မာဘဲ ဘယ်တော့မှ လူတစ်ယောက် အကျိုးယုတ်အောင် မလုပ်ဘူးဆိုတာ ယုံပါ"

"ကောင်းတယ်ဗျာ။ သိပ်ရယ်ဖို့ကောင်းတယ်"

"ရယ်လိုက်ပါ ကိုချစ်နွယ်။ ရယ်ခြင်းဆိုတာ ငိုကြွေးခြင်း နိဒါန်း လေ။ ခင်ဗျား မကြာခင် အဖြူအမည်း ကွဲလာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . ."

ဆတ်ခနဲ ကြည့်လိုက်သည်။ သူ့မျက်နှာတွင် ဒေါသနှင့် တုန်လှုပ်ခြင်းအပြည့်။ ဆရာအောင်က အေး၏။

"ဘာလဲဆိုတာ ခင်ဗျားအသိဆုံးပါ ကိုချစ်နွယ်။ ကျွန်တော်တို့ကတော့ ခင်ဗျားကို အိပ်ချင်ယောင် မဆောင်စေချင်တော့ဘူး။ ခဲ့. . . အိပ်ချင်ယောင် ဆောင်ဦးမယ်ဆိုရင်တော့ နိူးရတော့မယ်လေ"

"မဟုတ်သေးပါဘူး"

"ဟုတ်တယ် ကိုချစ်နွယ်။ ခင်ဗျားဟာ လောင်းကစားသမားပီပီ ရှုံးတာတွေကို ပြန်ဖြည့်ဖို့ ငွေလိုနေတယ်။ လိုငွေကို ဖြည့်နိုင်ဖို့ အမွေရဖို့လိုတယ်။ အမွေကလည်း အမြန်ရမှဖြစ်မယ်လေ။ ဒါကြောင့် မကြံသင့်တာကြံတယ်။ မိခင်ဖြစ်တဲ့ ဒေါ်ခင်စံပါယ်ကို သတ်တယ်။ သတ်တဲ့နေရာမှာလည်း ခင်ဗျားဟာ လူလည် ဉာဏ်ကြီးရှင်ပီပီ နှလုံးရောဂါသည် ဒေါ်ခင်စံပယ် စိတ်ခတ်ချောက်ချားအောင် ဒေါ်သူဇာကိုခေါ်ပြီး ဆရာခန့်ခဲ့ပြီတယ်။ ရှေ့မှာ ဒေါ်သူဇာကို ဒေါ်ခင်စံပယ်အဖြစ်နဲ့ သေဆုံးခြင်းအားမှတ်ချက်ယူတယ်။ ဒါကြောင့် ဒေါ်ခင်စံပယ်ဟာ ခင်ဗျားကို နာကြည်းနာကျည်းတီးပြီး ဒေါသတွေ မခံမရပ်နိုင်အောင် ဖြစ်ရတယ်။ ဒါကြောင့်

www.burmeseclassic.com



ဒေါ်ခင်စံပယ် နှလုံးသွေးရပ်ပြီး သေသွားတယ်။ ဒီတော့မှ ခင်ဗျား ဒေါ်သူဇာကို ပြန်ပို့တယ်။ ကျွန်တော်တို့ပြောတာ မမှားပါဘူးနော်"

"ဗျာ"

"ဘယ်နှယ် ကိုချစ်နွယ်။ သိပ်မှန်လွန်းတော့ မငြေဖြရှင်းနိုင်တော့ဘူး မဟုတ်လား။ အမှန်တရားဆိုတာ ဖုံးကွယ်လို့ မရဘူး ကိုချစ်နွယ်"

ဖူးကနဲ သက်ပြင်းချရင်း ချစ်နွယ် ဇက်ကျိုးကျသွားသည်။

"ခင်ဗျားတို့ ရဲတပ်ဖွဲ့တွေ တော်လှချည်လားဗျာ။ အင်မတန် လည်း တိုးတက်လှပါတယ်။ ကျွန်တော်ငြင်းဖို့ အင်အား မရှိတော့ပါဘူး" ဟု ငိုသံပါကြီးနှင့် ပြောသည်။

ဒုရဲအုပ်အောင်ကျော်က ဝင့်ကြွားသည့်အပြုံးနှင့် ကိုချစ်နွယ်ကို ကြည့်လိုက်သည်။ မိုးဇော်လွင်က ဒန်ရောင်ပြောင်လက်နေသည့် လက်ထိပ် ကိုထုတ်ကာ ကိုချစ်နွယ်ကို လက်ထိတ်ခတ်လိုက်ပြီလေ။

အောင်မြတ်ဦး



www.burmeseclassic.com

www.burmeseclassic.com



အောင်မြတ်ဦး

ကညာရနှင်းဆီတစ်ပွင့်
ကြွေလွင့်မှု

www.burmeseclassic.com

www.burmeseclassic.com



## ကန္တာရနှင်းဆီတစ်ပွင့် ကြွေလွင့်ခန်း

### နိဒါန်း

"အနီရောင်ကတ္တီပါအသွေးနှင့် ဝတ်ဆံပါတဲ့ ပန်းကလေးပဲ။ ထုသားနော်"

ဟု ကျွန်တော်က ပြောတော့ သူက ပြုံးသည်။

"ဒီပန်း ဘာပန်းလဲ"

ဟု မေးတော့ သူက. . .

"ဆရာ ဒီပန်းကို မသိဘူးလား"

ဟု ပြန်မေးသည်။ ဟာန်မဆောင်တတ်သည့် ကျွန်တော် ခေါင်းခါဆိုက်သည်။

"အင်းလေ။ ဆရာက ရုက္ခဗေဒပညာရှင်မှ မဟုတ်ဘဲ။ မသိတာ



www.burmeseclassic.com

www.burmeseclassic.com



မဆန်းပါဘူး။ ဒီပန်းအမည်က 'ကန္တာရနှင်းဆီ' တဲ့''

''နာမည်က စိတ်ဝင်စားစရာပဲ''

''သူ့ဂုဏ်သတ္တိကလည်း စိတ်ဝင်စားစရာ ကောင်းတယ် ဆရာရဲ့ သူကလည်း နှင်းဆီမျိုးရင်းပင်ဖြစ်သလို ဆူးရှိတယ်။ ဆူးမှာ အဆိပ် ရှိတယ်။ ကန္တာရနှင်းဆီ အစူးခံလိုက်ရရင် အထဲမှာ လိုက်စားသွားတယ် ရိုးတွင်းခြင်ဆီအထိ အဆိပ်ပျံ့တယ်''

''ဟ. . . ကြောက်စရာပါလား''

ကျွန်တော် တိုးတိုးညည်းရင်း ဒီကန္တာရနှင်းဆီပန်းကို မေ့ပျောက် ပစ်လိုက်မည်။ အလှစိုက်ဖို့ မစဉ်းစားတော့ဟု ဆုံးဖြတ်လိုက်သည် သည့်ပန်းက လှသလောက် အဆိပ်ပြင်းသည့် ပန်း။ အဆိပ်ပန်း။

(၁)

အကယ်၍သာ ကျွန်တော် ကိုတိုးရီနှင့် မဆုံစည်းရဘူးဆိုလျှင် ဤအကြောင်းကို ရေးဖြစ်လိမ့်မည် မဟုတ်ပါ။

ယခု ကိုတိုးရီနှင့် ဆုံစည်းဖြစ်ခဲ့သဖြင့် ကျွန်တော် ဤအကြောင်း ကို ရေးဖြစ်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပြောရလျှင် ကျွန်တော်နှင့် ကိုတိုးရီ ဆုံစည်းရမှုကလည်း ခပ်ဆန်းဆန်းပင်။ ကျွန်တော်တို့နှစ်ဦး ဆုံးစည်းခဲ့ရသည်က အင်းစိန် ဗဟိုအကျဉ်းထောင်တွင် ဖြစ်၏။ အဆောင်လေးတွင် ကျွန်တော် အယူခံ စောင့်နေခိုက် ကိုတိုးရီနှင့် ဆုံစည်းခဲ့ရခြင်းဖြစ်၏။

ဒီနေ့က မိုးသည်းသည်းနိုင်လွန်းသည့်နေ့။

အဆောင်ဘွင်းရှိ အခြားအခန်းတွေ ပိတ်ကုန်ပြီဖြစ်သော်လည်း ပုံစံခန်းက မပိတ်သေး။ ဒီကနေ့ ကျွန်တော်တို့အဆောင် ကျသစ်ဝင်မည့်နေ့။

"မိုးကလည်း သည်းသည်းနိုင်လွန်းတယ်"

"ဟုတ်ပဗျာ။ ကျသစ်တွေတော့ ကြွက်စုတ်ဖြစ်တော့မယ်"

အခန်းလူကြီးစကား။

ဟုတ်ပ။ အခန်းလူကြီးစကားသည် မှန်လှ၏။ ကျသစ်တွေရောက်လာတော့ ရွှဲရွှဲနစ်နေသည်။ အခန်းလူကြီးက ကျသစ်များအား အခန်းတွင်းသို့ ချက်ချင်းမဝင်နိုင်းသေးဘဲ အခန်းအပြင်၌ ရပ်နိုင်းသည်။

"အဝတ်အစား အရင်လဲကြ။ ပြီးတော့မှ အခန်းထဲ တန်းစီဝင်"

ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားလဲကြသည်။

ကျွန်တော် ထုံးစံအတိုင်း သူတို့ကိုကြည့်နေမိသည်။ ထို့ကြောင့်လည်း သူတကာလို အဝတ်အစားမလဲဘဲ ရောက်ကတည်းက ကျောက်ရုပ်လို တွေတွေရပ်နေသည့် သူတစ်ဦးကို တွေ့လိုက်ခြင်းဖြစ်သည်။

သူက အသားညိုညို၊ ဖြူဖျော့ဖျော့နှင့်။ သူ့အသက် ၄၈ ပတ်ဝန်းကျင်ရှိမည်။

သူ ဘာကြောင့် အဝတ်မလဲသနည်း။

သူ့မှာ အဝတ်အစားမပါဘူးလား။

ကျွန်တော်တစ်ယောက်တည်း မေးခွန်းတွေ ထုတ်နေမိသည်။ ထိုစဉ် ကျသစ်တွေ အခန်းထဲ တန်းစီဝင်လာသည်။ သူက နောက်ဆုံးက။ သူတစ်ကိုယ်လုံး ရွှဲနစ်လျက်။ တစ်ခုရှိသည်က သူ့လက်ထဲ ဘာမျှမရှိ။

အခန်းဝမှ သူ့ကို ကျွန်တော်တားလိုက်၏။

"ခင်ဗျားမှာ အဝတ်လဲစရာ မပါဘူးလား"

"ဟုတ်ကဲ့"

"ဒါဆို ခင်ဗျား အအေးမိသွားမှာပေါ့။ အောက်က သမ်တောင်း ဆိုတော့ လေလည်း ဖြတ်သွားနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက နှုတ်ခမ်းတွန့်ရုံ ပြုံးသည်။

"သေသွားလည်း အေးတာပေါ့ ဆရာရယ်"

"ဗျာ"

"ဟုတ်တယ်ဆရာ။ ကျွန်တော့်ဘဝက လူမသေပေမဲ့ ဘဝသေနေပြီပဲ"

"အို. . .မဟုတ်တာဘဲ။ လာ"

သူ့ကို မီလွှာရုံနားထိ ခေါ်သွားပြီး စောင့်နိုင်းသည်။ အဝတ်တစ်စုံ ပေးပြီး လဲနိုင်းသည်။ သူက. . .

"ဆရာ့စေတနာ လေးစားလို့သာ အဝတ်လဲရမယ်။ ကျွန်တော် မလဲချင်ဘူး"

ဟု ပြော၏။ ကျွန်တော် ပြုံးမိ၏။ သူ့တွင် ခံစားချက်ရှိမည်ဟုလည်း သိလိုက်၏။

"ကဲပါ လဲလိုက်ပါ။ လူ့ဘဝမှာ သေသွားတာ အဆန်းမဟုတ်ပေမဲ့ ဒုက္ခိတ ဖြစ်သွားရင် မကောင်းဘူးဗျ။ ပြီးတော့ ဒါ ထောင်ဆိုတာလည်း သတိထားဦး"

"သိပါတယ် ဆရာ။ ကျွန်တော် ထောင်ထဲမှာ နှစ်ရှည်သမားများ



www.burmeseclassic.com

www.burmeseclassic.com



နေရမှာလေ"

"ခင်ဗျားအမှုက ဘာအမှုလဲ"

"လူသတ်မှု"

ကျွန်တော် သူ့ကိုကြည့်လိုက်သည်။

သူ့မျက်လုံးတွင် ဝမ်းနည်းမှု၊ ကြေကွဲမှု၊ ပရိဒေဝတွေအပြည့်

✡ ✡ ✡

(၂)

ပုံစံပြီးတော့ အိပ်ရာရှာသည်။

သူ့ကို ကျွန်တော့်နားတွင် နေရာပေးလိုက်သည်။ ဒါက ကျွန်တော့်

အကျင့်။ ထောင်ပြင်သို့ ဘုရားဒကာတစ်ဦး လွှတ်လိုက်လျှင် ရောက်လေ

ရာ သဲပုံစေတီတည်မည်ဖြစ်သလို စာရေးဆရာဖြစ်သည့် ကျွန်တော်

ကလည်း စိတ်ဝင်စားစရာအမှုများနှင့် လူများပါလာလျှင် ကျွန်တော့်နား

ခေါ်ထားမြဲ။

စာရေးဆရာက ရောက်လေရာမှာ ဇာတ်လမ်းရှာစမြဲ



www.burmeseclassic.com

www.burmeseclassic.com



ယခု ကျွန်တော်က ဇာတ်လမ်းတစ်ပုဒ်အတွက် လုပ်ငန်းစပြီး

"ခင်ဗျားအမှုက လူသတ်မှုနော်"

"ဟုတ်တယ်ဆရာ"

"ဖြစ်ပုံကလေး ပြောပြနိုင်မလား"

သူက သက်ပြင်းမောကို ဟင်းခနဲချသည်။ အဝေးကို ငေးကြည့်ရင်း. . .

"တကယ်ဆိုရင် ဒီအကြောင်းတွေကို ကျွန်တော်မပြောချင်ဘူး။ အဟောင်းက အသစ်မဖြစ်ချင်ဘူး။ ဒါပေမဲ့ ဆရာ့ကိုတော့ ကျွန်တော် ပြောပြမှာပါ"

ဟု ဆို၏။

"ကျေးဇူးပါပဲ ကိုတိုးရီ"

"ရှင်းရှင်းပြောရရင် ကျွန်တော်သတ်လိုက်တာက ကျွန်တော့် အချစ်ဆုံးသူကိုပဲ။ သူ့ကို မစွန့်နိုင်လို့ သူ. . . သူတစ်ပါးလက်ကို ပါသွားမှာ စိုးလို့ ချစ်လွန်းလို့ သတ်လိုက်တာ ဆရာ"

"ဗျာ"

သူ့စကားကို နားထောင်ရင်း ကျွန်တော် အံ့ဩရ၏။ တအံ့တဩ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်၏။ သူက ရီဝေစွာကြည့်လျက်. . .

"ဆရာ အံ့သြသွားလား။ အဖြစ်မှန်အပြည့်အစုံကို သိရင် ဆရာ ကျွန်တော့်ကို နားလည်သွားမှာပါ"

"ပြောပါ ကိုတိုးရီ"

"အဖြစ်က ဒီလိုဆရာ"

ကိုတိုးရီနှင့် နှင်းဆီတို့ ဆုံတွေ့မှုက ဘာမျှ မဆန်းကြယ်လှချေ။ သာမန် တွေ့ရိုးတွေ့စဉ်ဟု ပြောလို့လည်း ရသည်။

တစ်ခုထူးခြားသည်က ကိုတိုးရီက ရိုးသားပြီး နှင်းဆီကလှသည်။ ကိုတိုးရီက လူပျိုကြီးဖြစ်ပြီး မနှင်းဆီက အိမ်ထောင်ပျက်ဖြစ်၏။

"ကိုယ် နှင်းဆီကို ချစ်တယ်"

ကိုတိုးရီက ခင်မင်ပြီး မကြာခင် ချစ်ရေးဆိုတော့ နှင်းဆီက ငြိုးသည်။

"ချစ်တာကို မချစ်ရဘူးလို့ နှင်းဆီမပြောပါဘူး။ ဒါပေမဲ့ နှင်းဆီက အိမ်ထောင်ပျက်နော်။ နှင်းဆီဘဝနောင်ရေးအတွက် နှင်းဆီ ကြိုးစား နေတာ"

"ဒါကို ကိုယ်သိပါတယ်။ ကိုယ် နှင်းဆီဘဝအတွက် ဖြည့်ဆည်း



www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်လို့လည်း ဆုံးဖြတ်ပြီးပြီနှင်းဆီ"

"နှင်းဆီ ကိုတိုးရဲ့ကို အဖြေမပေးရသေးဘူးနော်"

"ဟုတ်ပါတယ်။ ဒါပေမဲ့ တစ်နေ့မှာ နှင်းဆီ ကိုယ့်ကို ချစ်လာမယ်လို့ ယုံနေတယ်"

"ဘာကြောင့်လဲ ကိုတိုး"

"မေတ္တာဆိုတာ အလျှော်အနံမရှိပေမဲ့ အသွားအပြန်ရှိနေလို့လေ"

နှင်းဆီပြုံးသည်။

"ဟုတ်ပါတယ်။ တကယ်စဉ်းစားကြည့်ရင် ကိုတိုးမေတ္တာတွေ နှင်းဆီကို ရစ်ပတ်နေပြီဆိုတာ နှင်းဆီလည်း သိနေပါတယ်"

"ဒါဆိုလည်း ချစ်တယ်လို့ ပြောလိုက်ပါတော့လား နှင်းဆီရယ်"

နှင်းဆီ အပြုံးနှင့်ကြည့်သည်။

"ကိုတိုး တကယ်ကြားချင်လား"

"ကြားချင်တာပေါ့ နှင်းဆီ"

"ဒါဆို တိုးတိုးလေးပြောမယ်"

ကိုတိုးရဲ့ ခေါင်းညိတ်လိုက်သည်။ နှင်းဆီ တိုးတိုးကလေး ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ချစ်တယ်"

✡ ✡ ✡

(၃)

ကိုတိုးရှိသည် နှင်းဆီ၏အချစ်ကို ရလိုက်သဖြင့် ပျော်ရသော်လည်း နှင်းဆီ၏ လှုပ်ရှားမှု၊ နှင်းဆီ၏ သတင်းများကြောင့် ကိုတိုးရှိ ရင်ခုန်ရ၏။ မွန်းကျပ်မောလျရ၏။ နှင်းဆီက လှပသူတစ်ဦးဖြစ်သလို နှင်းဆီအလှကို တပ်မက်သူလည်း များ၏။

"နှင်းဆီ ကိုယ့်ကို တကယ်ချစ်ရဲ့လား"

ကိုတိုးရှိ မကြာခဏ မေးခဲ့သည်။

"ဘာဖြစ်လို့ မေးတာလဲ ကိုတိုး။ နှင်းဆီ ကိုတိုးကိုချစ်လို့ ကိုတိုး အလိုမှန်သမျှ လိုက်ခဲ့တယ်လေ။ ပြောရရင် ကိုတိုးနဲ့ နှင်းဆီက လက်မထပ်ကြသေးပေမဲ့ အကြင်လင်မယားလိုလည်း နေခဲ့ပြီးပြီမဟုတ်လား"

"ဒါကို ကိုယ်သိပါတယ်။ ခက်တာက နှင်းဆီ မြူဆွယ်နေသူနဲ့ သာယာနေတာကို ကိုယ် ဘဝင်မကျဘူး။ ကိုယ်လိုချင်တာ မှန်မှန်အချစ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီ။ မျှဝေခံစားခြင်းကို ကိုယ်မလိုချင်ဘူး''

နှင်းဆီက ပြုံးသည်။

''ဒါဆို ကိုတိုး လွန်တာပေါ့။ နှင်းဆီတို့ တရားဝင် လက်မထပ်ကြသေးဘူးလေ။ နှင်းဆီက လွတ်လပ်သူပဲ။ ဒါကြောင့် သူတို့မှာ ကြစည်ပိုင်ခွင့်၊ ကြိုးစားပိုင်ခွင့်ရှိတယ်။ သူတို့နဲ့ နှင်းဆီ ရင်းနှီးကျွမ်းဝင်ခွင့်ရှိတယ်။ ဒါကို ကိုတိုး မဟန့်တားသင့်ဘူး''

''ဒါကို ကိုယ်မသိဘူး နှင်းဆီ။ ကိုယ်သိတာက နှင်းဆီကို ချစ်တယ်။ နှင်းဆီက ကိုယ့်အတွက်ပဲ ဖြစ်ရမယ်။ ကိုယ် နှင်းဆီအတွက် ဘယ်လောက်ကြိုးစားခဲ့တယ်ဆိုတာ နှင်းဆီသိပါတယ်''

နှင်းဆီ သက်ပြင်းချသည်။

''နှင်းဆီ သိပါတယ်။ ကိုတိုးစေတနာ၊ ကိုတိုးမေတ္တာကို နှင်းဆီ အလွဲသုံးစား မလုပ်ပါဘူး။ ယုံပါ ကိုတိုးရယ်။ နှင်းဆီ ကိုတိုးကိုပဲ ချစ်တာပါ''

''ကိုယ် ရင်မောတယ် နှင်းဆီရယ်''

သို့သော် နှင်းဆီက မပြောင်းလဲခဲ့။

''ယုံပါ ကိုတိုး။ ကိုတိုးကွယ်ရာမှာ နှင်းဆီ မဟုတ်တဲ့ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ဘူး"

ဆိုသော်လည်း နှင်းဆီက ယောကျ်ားတကာနှင့် တတွဲတွဲရှိနေခဲ့သည်။

သည်ကြားထဲ သိုးသိုးသန့်သန့် သတင်းတွေကြားရတော့ ကိုတိုးမှ ဖြေမဆည်နိုင်အောင် ဖြစ်ခဲ့သည်။ တစ်ခါက ကားပွဲစားတစ်ဦးနှင့် နှင်းဆီကို ရင်းရင်းနှီးနှီး တွေ့လိုက်တော့ ယမ်းပုံမီးကျ ပေါက်ကွဲခဲ့သည်။

နှင်းဆီက တည်ငြိမ်သည်။

"ကိုတိုး ဘာဖြစ်နေလဲ"

"မင်း ကိုယ့်ကို အရွဲ့တိုက်နေတာလား"

"ကိုတိုး ဘာကိုဆိုလိုတာလဲ။ နှင်းဆီသိက္ခာကို မစော်ကားပါနဲ့ ကိုတိုးရယ်"

"ဘာ. . . သိက္ခာလဲ နှင်းဆီ။ ယောကျ်ားတကာနဲ့ တွဲနေတာ သိက္ခာလား။ မင်းဘဝအတွက် ငါ ကြိုးစားဖြည့်ဆည်းနေတာ ရှုံးသွပ်နေတာ မဟုတ်ဘူး။ လူတကာဆန္ဒ ဖြည့်ဆည်းပေးဖို့ မဟုတ်ဘူး။ ငါ မင်းကိုချစ်တာ ရူးသွပ်နေတာ မဟုတ်ဘူး"

"နှင်းဆီလည်း ဖောက်ပြန်နေတာမဟုတ်ဘူး ကိုတိုး။ လူတွေ



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းမှာ နှင်းဆီရှိနေတာ။ ဒါ ရိုးသားမှုပဲ''

''ကိုယ်မသိဘူး နှင်းဆီ။ ကိုယ်နှင်းဆီကို ချစ်တယ်။ နှင်းဆီဟာ ကိုယ့်အတွက်ပဲ ဖြစ်ရမယ်''

''ခက်ပါလား ကိုတိုးရယ်''

နှင်းဆီကလည်း ခက်သည်။

ပိုဆိုးသည်က ခုတလော ကိုတိုးရီနှင့်ပတ်သက်၍ နှင်းဆီတွင် ဖောက်ကွက်မှုများစွာ ရှိခဲ့သည်။ ချိန်းဆိုချက်များရှိသော်လည်း နှင်းဆီ ရောက်မလာခဲ့။

BURMESE CLASSIC

နှင်းဆီ အကြောင်းပြချက်များက ကိုတိုးရီအတွက် ဒေါသ ဖြစ်စရာ ချည်း ဖြစ်ခဲ့၏။

သည်ကြားထဲ ကိုကောင်းလွင်နှင့် သတင်းက မကောင်း။

တစ်နေ့ ကိုတိုးရီနှင့် နှင်းဆီ တွေ့ကြသည်။

''မင်းနဲ့ ကိုကောင်း အခြေအနေက ဘယ်လိုလဲ''

''သူက ကူညီတာလေ။ ကိုတိုးထင်သလို မဟုတ်ဘူး။ ဖြစ်တော့ ရော ဘာဖြစ်လဲ ကိုတိုး။ ကိုတိုးနဲ့နှင်းဆီက လင်မယား မဟုတ်ဘူးလေ။ နှင်းဆီမှာ ရွေးချယ်ပိုင်ခွင့်ရှိတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . မင်း ဘာပြောတယ်။ မင်းက ငါ့ဆန္ဒတွေ၊ ငါ့အချစ်တွေကို စုတ်ပြတ်သတ်သွားအောင် နှင်းချေရုံ အားမရလို့ ငါ့အသည်းနှလုံးကို နှင်းချေဖို့ ကြိုးစားနေတာလား"

"နှင်းဆီသိက္ခာ မစော်ကားပါနဲ့ ကိုတိုး"

"ဟား. . . ဟား. . . သိပ်ရယ်ဖို့ ကောင်းတယ် နှင်းဆီ မင်းဟာ မြွေဟောက်လို လျှာနှစ်ခွနဲ့ မိန်းမပဲ။ ငါ့ကို မြှူဆွယ်ရုံမကဘူး တခြားလူကို မြှူဆွယ်ပြန်ပြီ။ ယောကျ်ားတစ်ယောက်ရဲ့ ကူညီမှုကို လက်ခံတာ ပတ်သက်မှုတစ်ခုကြောင့်ပဲ။ မင်းဟာ သစ္စာမရှိတဲ့မိန်းမ။ ငါ့အသည်းနှလုံးကို နှင်းချေတဲ့မိန်းမ။ မင်းကို လူပြည်မှာ မထားဘူး"

ကိုတိုးရှိက ဒေါသကို မထိန်းနိုင်တော့။ ချစ်အဆိပ်က ငယ်ထိပ်သို့ တက်ခဲ့ပြီလားမသိ။ ကိုတိုးရှိသည် နှင်းဆီကို သိုင်းဖက်လိုက်ပြီး အသင့်ပါလာသည့်ဓားနှင့် ထိုးလိုက်မိပြီ။

"အား"

နှင်းဆီတစ်ချက်သာ ညည်းလိုက်ပြီး ခွေကျသွားသည်။

"မင်း သစ္စာမရှိဘူး။ မင်းကို ငါကိုယ်တိုင် ငရဲပို့မယ်"

နှင်းဆီ ခွေကျသွားရင်း ကိုတိုးရှိ၏ ခြေအစုံကို သိုင်းဖက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ နာကြည်းမှု၊ နွမ်းနယ်မှုတွေနှင့် မော့ကြည့်ရင်း. . .

"ကိုတိုးရယ် ရက်စက်လိုက်တာ။ နှင်း. . . နှင်းဆီ ကိုတိုးထင်သလို သစ္စာမပျက်ဘူး။ နှင်း နှင်းဆီချစ်တာ ကိုတိုးရယ်ပါ။ ကိုတိုးကို နှင်း. . . နှင်း. . . နှင်းဆီ ချစ်. . . ချစ်"

နှင်းဆီ ငိုက်ကျသွားပြီ။

သူက သွေးစွန်းဓားကို ဆုပ်ကိုင်လျက်။

✡ ✡ ✡

(၄)

"သူ ပွဲချင်းပြီး သေသွားတယ်ဆရာ။ ဒီအတွက် ကျွန်တော် အပြစ်ခံရတာ"

ဟု ပြောသည်။ ကျွန်တော်က. . .

"မင်းအပြစ်က စိတ်မကောင်းစရာဘဲ။ တကယ်တော့ မင်းက အချစ်လွန်တာပဲကိုး။ မင်းကို နှစ်ဆီ ချစ်တာပဲ"

ဟု ပြောမိသည်။

အိုယွန်းယှဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဆရာ။ ဒါကို သိရတော့ စိတ်မကောင်းဘူး။ နှင်းဆီဟာ ဘာကြောင့် ဟန်ဆောင်တာလဲ"

"ဒါဟာ ဟန်ဆောင်တာ မဟုတ်ဘူး ကိုတိုးရီ။ လှတဲ့ မိန်းကလေးတွေ အလှမာန်ဝင့်တာ။ နှင်းဆီဟာလည်း အလှမာန်ဝင့်လို့ ကြွေလွင့်ရတာလို့ ငါ သုံးသပ်မိတယ်"

"ခုတော့ ရင်နာနာ အဆုံးသတ်ခဲ့ပြီလေ။ ဒီကြမ္မာဆိုး ဒီဘဝ ဒီမျှသာ ရှိပါစေလို့ ဆုတောင်းရတော့မှာပေါ့ ဆရာရယ်။ ဘာပဲဖြစ်ဖြစ် နှင်းဆီသေခဲ့သလို ကျွန်တော့်ဘဝလည်း သေခဲ့ပါပြီ ဆရာရယ်"

သူ့စကား။

သူ့စကားနှင့်အတူ သူ့မျက်ဝန်းအိမ်တွင် မျက်ရည်ကြည်တို့ သီဝေ့လာခဲ့သည်ကို တွေ့ရ၏။ ကျွန်တော် မည်သို့ နှစ်သိမ့်ရမည်နည်း။

ကျွန်တော်မသိနိုင်ပြီ။

## နိဂုံး

ကန္တာရနှင်းဆီသူးက အတွင်းသို့ လှိုက်စားကာ ရိုးတွင်းခြင်ဆီထိ ပျံ့နှံ့သည်ဟု အဆိုရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီအချစ်ကတော့ သည်သို့လား။

နှင်းဆီကို 'ကန္တာရနှင်းဆီ' လို့ တင်စားရမည်လား။

မည်သို့ဆိုစေ ကိုတိုးရီ၏ ကန္တာရနှင်းဆီတစ်ပွင့်က ကြွေလွင့်ခဲ့ပြီ။ ကြွေလွင့်ခဲ့ပြီတည်း။။

အောင်မြတ်ဦး



www.burmeseclassic.com

www.burmeseclassic.com

အောင်မြတ်ဦး

# ဖိုးချည်မျှင်နှင့်ညှတ်ဆင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



# ပိုးချည်မျှင်နှင့်ညွှတ်ဆင်ခြင်း

(၁)

မြတ်မင်းခိုင်သည် အောင်ငွေစိုးကို ကြည့်လိုက်သည်။ သူ့ရင်ထဲ၌ အလိုမကျမှုတွေ အပြည့်။

အောင်ငွေစိုးက အေးတိအေးစက်နှင့်။

"မင်း ငါပြောတာ ကြားရဲ့လား ငွေစိုး"

ဒေါသကြောင့်လားမသိ။ မြတ်မင်းခိုင်အသံ ကျယ်သွားသည်။ သည်တစ်ခါတွင်တော့ အောင်ငွေစိုး စီးကရက်ကို တစ်ချက်ဖွာရင်း ဝေ့ခနဲ ကြည့်လိုက်သည်။

"မင်း ဘယ်လိုဖြစ်လို့ ဒီလောက် ဒေါသတွေပွနေတာလဲ မင်းခိုင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အသံဆတ်ဆတ်နှင့် မေးလိုက်သည်။

"ဘာဖြစ်ရမလဲ ခုတစ်လော မင်းဘာတွေ လုပ်နေတယ်ဆိုတာ မင်း အသိဆုံးပါ"

စိုးကရက်ကို ပစ်ချပြီး ဘိနပ်ဦးနှင့် နင်းချေလိုက်သည်။

"မင်း ငါ့ကို သီရိစံအိမ်က ကိစ္စနဲ့ မဟာမြိုင်စံအိမ်ကိစ္စကို မကျေနပ်နေတာလား"

"ဆိုပါစို့. . ."

မြတ်မင်းနိုင်က လေသံပြတ်နှင့် ပြောလိုက်သည်။

"ဒါဆို မင်း အတွေးတွေ မှားနေပြီ မင်းနိုင်၊ ငါတို့ဟာ သတ်သတ်လွတ်စားပြီး ဥပုသ်သီလ စောင့်ထိမ်းနေသူ မဟုတ်ဘူး။ သေနတ်ကိုင်ထားတဲ့ ဒုစရိုက်သမား၊ ဒီလိုလူ လူသတ်တာဆန်းလား"

"ဟုတ်တယ်၊ ဆန်းတော့ မဆန်းဘူး။ ဒါပေမယ့် သေနတ်သမား ဖြစ်လို့ လူချည်းသတ်နေရင်တော့ မကောင်းဘူး၊ ပြောရရင် သီရိစံအိမ်နဲ့ မဟာမြိုင်စံအိမ်က အဖြစ်ဟာ မလုပ်သင့်တဲ့ အဖြစ်လို့ ထင်တယ်"

အောင်ငွေစိုးက ဆိုဖာပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည် ပြီးမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘက်ကကြည့်ရင်တော့ မင်းမှန်တာပေါ့၊ အေး ငါ့ဘက်က ကြည့်ရင်လည်း ငါမှန်တာပဲ၊ ရှင်းရှင်းပြောရရင် အဲဒီနေ့တွေက အဖြစ်တွေကို ပြန်ကြည့်ရင် ငါဆုံးဖြတ်တာ မမှားဘူး၊ ဘာကြောင့်လဲဆိုရင် ငါက သူ့ကိုမသတ်ရင် ငါ့ကို သူက သတ်လိမ့်မယ်လေ၊ ကိုယ်တော့ မသေနိုင်ဘူး"

ဟု ပြော၏။

ထို့နောက် ထလိုက်ပြီး. . .

"ဒီမှာ မင်းခိုင်၊ လောကမှာ မိမိကိုယ်က အရေးကြီးဆုံးပဲ၊ ငါ့ကို အတ္တသမားလို့ ပြောပြော၊ ငါ့အန္တရာယ်နဲ့ ပတ်သက်လာရင် ဘယ်သူ့ကိုမှ မညှာနိုင်ဘူး၊ ကမ္ဘာမီးလောင်ရင် သားကောင်တောင် ချနင်းရစမြဲပါကွာ"

ဟုပြောရင်း ပခုံးတွန့်လိုက်သည်။

ထို့နောက် "ကဲ ငါသွားမယ်' ဟုပြောရင်း ချာခနဲ လှည့်ထွက်သွားသည်။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com



(၂)

မြတ်မင်းခိုင် ကျောက်ရုပ်. . .

ကားထွက်သွားသည့် အသံကြားလိုက်ရသည်အထိ ရပ်နေဆဲ။ အတန်ကြာမှ သူထိုင်ချလိုက်၏။ မြတ်မင်းခိုင် စိတ်ထဲ၌ ယခုတိုင် မကျေနိုင် မချမ်းနိုင်ဖြစ်နေဆဲ။ ဘာပဲဖြစ်ဖြစ် ယခုတလော အောင်ငွေစိုး ယခင်နှင့်မတူသည်ကတော့ အမှန်ပင်။ သိသိသာသာလည်း လက်ရဲ ဇက်ရဲ နိုင်လာ၏။

ထစ်ခနဲဆို လက်နက်အားကိုးချင်သည်။ လက်ညှိုးကလေး ကွေးလိုက်ချင်သည်။ လူ့အသက်တစ်ချောင်းကို ပုရွက်ဆိတ်တစ်ကောင်လောက် တန်ဖိုးမထားတော့ဘူးလား။

တစ်ခါကလည်း ဤကိစ္စနဲ့ပတ်သက်လို့ စကားပြောပြီးပြီ။ အောင်ငွေစိုး အမှန်ပင် နားမဝင်ခဲ့။

"ဒီကိစ္စတွေ ပြောမနေနဲ့မင်းခိုင်၊ ငါတို့ဟာ ဒုစရိုက်သမား သေနတ်နဲ့ ငွေရှာနေရသူ၊ ပြီးတော့ ငါတို့ သေနတ်ကိုင်ထားတာက ကိုယ့်လုပ်ငန်း၊ ကိုယ့်ဘဝကို ထိပါးရင် ရှင်းနိုင်ဖို့လိုတယ်"

"ဒါဆို မင်း သီရိကပုဂ္ဂိုလ်နဲ့ မဟာမြိုင်ကပုဂ္ဂိုလ်ကို ရှင်းလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



အမှိုက်တွေဖြစ်နေလို့ ဆိုပါတော့''

''ဒါပဲပေါ့၊ ဒီမှာ ငါပြောမယ် မင်းခိုင်၊ ဒုစရိုက်သမားဖြစ်ပြီး လူသတ်ရမှာစိုးရင် မင်း ဒီအလုပ်ကို စွန့်သင့်ပြီ၊ မင်း တကယ်လုပ်ရမှာ ဘုရားဒါယိကာကွ''

သူက ထွက်သွားပြီ။

အောင်ငွေစိုးက ဘယ်လိုမှ ပြောလို့ရမည့်သူမဟုတ်။ သူ့ကို ဖျောင်းဖျနေခြင်းသည် အကျိုးမဲ့အလုပ်ဟု သိလာသည်။ ပြောလျှင် ပြော၊ အပြောသာဖြစ်သည်။ ကျွဲပါးစောင်းတီးသလို ဖြစ်နေသည်မှာ မုချ။

ဒါကိုသိလျက် ဘာကြောင့်ပြောနေသနည်း။

သည်အကြောင်းနှင့်ပတ်သက်၍ 'ပိတောက်' ကလည်း ပြောခဲ့ပြီ။

''တကယ်တော့ ကိုမင်းအနေနဲ့ ဒီကိစ္စနဲ့ပတ်သက်လို့ ကိုငွေစိုးကို မပြောသင့်တော့ဘူး''

''ဘာဖြစ်လို့လဲ ပိတောက်''

''ဘာဖြစ်လို့လဲဆိုရင် ကိုငွေစိုးအသိမှာ ငွေရလို့မှု၊ ကြီးပွားချမ်းသာလို့မှုပဲ ရှိတယ်။ သူဖြစ်ချင်တာကို နှောင့်ယှက်သူလို့ထင်ရင် သူ့ကြင်းဖို့ပဲ အာသီသရှိနေမယ်။ ဒီလိုလူကို တရားပြလို့လည်း ရနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးက ဥပက္ခာပြုထားဖို့ပဲ ကိုမင်း"

မြတ်မင်းခိုင် သက်ပြင်းချပြီး. . .

"ပိတောက် ပြောတာမှန်ပါတယ်။ ဒါပေမယ့် သူ့ကို ဥပက္ခာမပြုရက်ဘူး။ ကိုယ် မိတ်ဆွေကောင်း ပီသစေချင်တယ်"

"ကိုမင်း တစ်ခါတစ်ရံမှာ စေတနာဟာ ဝေဒနာဖြစ်တတ်တယ်နော်"

ပိတောက်၏ သတိပေးစကား။

သည်တစ်ခါတော့ မြတ်မင်းခိုင် ကြိုးစားရမည်ဟု တွေးမိ၏။

❄ ❄ ❄

(၃)

တစ်နေ့ မြတ်မင်းခိုင်နှင့် အောင်ငွေစိုး အလုပ်တစ်ခုလုပ်ရန် စီစဉ်ဖြစ်သည်။ ထိုအစီအစဉ်က အခြားမဟုတ်။ သူဌေး ဦးသိန်းလွင်၏ တိုက်အား ဓားပြတိုက်ရန်ဖြစ်၏။ သူဌေးဦးသိန်းလွင်က ကျိုကျိုတက် ချမ်းသာသူ။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးဦးသိန်းလွင်အား ဓားပြတိုက်ရန် ပထမဆုံး စိစဉ်စည်းရုံးသူက အောင်ငွေစိုး။

"ဒီကွင်ဟာ ဂွင်ကောင်းနော်။ သူဌေးဦးသိန်းလွင် ဘယ်လောက် ချမ်းသာတယ်ဆိုတာ မင်းလဲအသိပဲ၊ ဒါကြောင့် ငါ မင်းကို ချန်မထား ချင်ဘူး မင်းနိုင်"

"မင်း စေတနာကို ငါအသိအမှတ်ပြုပါတယ်။ ခုအချိန်မှာ ငါလဲ ပိတောက်နဲ့ လက်ထပ်ဖို့ ငွေလိုနေတော့ ဒီအလုပ်ကို စိတ်ဝင်စားပါတယ်"

"ဒါဆို တို့နှစ်ယောက် လက်တွဲလိုက်ရုံပဲ ရှိတယ် မဟုတ်လား မင်းနိုင်"

"ယောဘုယျကြည့်ရင်တော့ မင်းပြောမှန်ပါတယ်"

မြတ်မင်းနိုင်စကားကြောင့် အောင်ငွေစိုး ဆတ်ခနဲ ကြည့်လိုက် သည်။

"မင်းစကားက ဆန်းနေပါလား၊ ငါတော်င် နားမလည်တော့ ဘူး"

"မင်းနားလည်မှာပါ၊ ရှင်းရှင်းပြောရရင် ငါငွေလိုနေလို့ ဒီအလုပ် ကိုမင်းနဲ့ တွဲလုပ်ချင်တယ်၊ ဒါပေမယ့်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဘာဖြစ်လဲ မင်းနိုင်"

"တားပြတစ်ယောက် စောင့်ထိမ်းရမဲ့ စည်းကိုကျော်သွားမှာ ငါစိုး ရိမ်နေတယ်"

အောင်ငွေစိုး ဖြူးပြီး . . .

"မင်းက ငါ လူသတ်မှာ စိုးတယ်ဆိုပါတော့" ဟု မေးသည်။

"မှန်တယ် ငွေစိုး ငါ့အယူအဆအရတော့၊ မစွည်းယှူပြီး လူသတ်ရင် စည်းဖောက်တာပဲ၊ ဘာပဲဖြစ်ဖြစ် ငါ့သဘောကတော့ လူကောင်းဖြစ်ဖြစ် လူဆိုးဖြစ်ဖြစ် စည်းကမ်းရှိရမယ်"

အောင်ငွေစိုး သက်ပြင်းရှိုက်သည်။ စီးကရက်တစ်လိပ်ကို ဖွာရှိုက် လိုက်သည်။ ပြီးမှ မန်းကို အသာတွန်းပြီး . . .

ငါ့ဘက်က ကတိပေးရင် မင်းငါနဲ့ လက်တွဲမယ်ဆိုပါတော့" ဟုမေးသည်။

"ဆိုပါတော့"

"ဒါဆို ငါကတိပေးတယ်"

သို့ဖြင့် မြတ်မင်းနိုင်နှင့် အောင်ငွေစိုးလက်တွဲဖြစ်သွားသည်။ အတော်ကလေးလည်း ခြေခင်း လက်ခင်းသာသည်ဟု ဆိုရမည်။ အေး



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းချမ်းပင်။ ခက်သည်က ကံကြမ္မာဆိုးဟု ဆိုရမည်ကား မသိ။

ငွေထုတ်ပိုက်ပြီး အထွက်တွင် ပြဿနာစသည်။

ဦးသိန်းလွင် ဗွေဖောက်သည်ဟု ဆိုမလား။ ဦးသိန်းလွင်က ရုတ်တရက်ထပြီး အောင်ငွေစိုးကို လုံးသည်။ ထွေးခနဲ ဖြစ်သွားသည်။

သို့သော် အောင်ငွေစိုးက အသတ်အပုတ် ကျွမ်းကျင်နေသူဖြစ်သဖြင့် တပန်းသာသည်။ ဦးသိန်းလွင်ကို အချိန်တိုတိုအတွင်း လှဲသိပ်လိုက်နိုင်သည်။ ဦးသိန်းလွင် လဲကျအသွားတွင် အောင်ငွေစိုးက သေနတ်ကို ထုတ်လိုက်သည်။

"ငွေစိုး မလုပ်နဲ့"

မြန်မင်းနိုင် တားလိုက်သည်။ သို့သော် မဆိုသလောက် နောက်ကျသွားခဲ့သည်။ ဒိုင်းခနဲ သေနတ်သံနှင့်တူ ဦးသိန်းလွင် သွေးအိုင်ထဲ လဲကျသွားသည်။ သွေးတွေကိုမြင်တော့ မြတ်မင်းနိုင် ဆူပွက်သွားသည်။ ဒေါသနှင့် ရှေ့တိုးလိုက်သည်။ ဒါကပင် မြတ်မင်းနိုင် အမှားဟု ဆိုမလား။

အောင်ငွေစိုးက မြတ်မင်းနိုင် ပေါင်ကြားကို ညာခြေနှင့် လှမ်းခတ်လိုက်၏။ မြတ်မင်းနိုင် တန့်ခနဲဖြစ်သွားသည်။ ခေါင်းထဲမူးနောက်သွားသလိုဘဲ မျက်လုံးတွေ ပြာဝေသွားပြီး ဒူးညွှတ်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ် ခေါင်းထဲမူးခနဲ ခံစားလိုက်ရပြန်၏။ ထို့နောက်တွင်မူ မြတ်မင်းခိုင် ဘာမှမသိတော့။

❄ ❄ ❄

(၄)

အဖြစ်က မနှစ်ကနှင့်မတူ ဟုပြောရမည်ကား။

မြတ်မင်းခိုင် သတိရတော့ ရဲစခန်းကို ရောက်နေပြီ၊ မြတ်မင်းခိုင်ဆိုသည်ကား ဦးသိန်းလွင်ကို သတ်သည့် လူသတ်သမားဖြစ်နေပြီ။

"ကျုပ်. . . ကျုပ် ဦးသိန်းလွင်ကို မသတ်ဘူး"

မြတ်မင်းခိုင် ငြင်းခဲ့သည်။

သို့သော် အချည်းအနှီးပင်။

"မင်းက ဘာကြောင့် မုံလာဥလုပ်နေတာလဲ မြတ်မင်းခိုင်၊ မင်းလက်ထဲက သေနတ်မှာ ယမ်းငွေ့တွေရှိနေတယ်၊ ကျည်တစ်တောင့် ရောနေတယ်၊ ဒါတောင် မင်းက မသတ်ဘူးလုပ်သေးတယ်၊ လုပ်မနေနဲ့ မြတ်မင်းခိုင် မင်းအတွက် လွတ်လမ်းမရှိဘူး"

ရဲအရာရှိတစ်ဦး၏စကားက မြတ်မင်းခိုင်သည် ချက်ချင်းသေဘော


www.burmeseclassic.com

www.burmeseclassic.com



ပေါက်သွား၏။ အောင်ငွေစိုးလည်း သူ့အား သတိမေ့အောင်ရိုက်ပြီး ဦးသိန်းလွင်အား သတ်ခဲ့သည့် သေနတ်အား သူ့လက်ထဲ ထည့်ထားခဲ့သည်။ ဒါက ပေဒင်မေးစရာ မလိုသည့်အဖြစ်။

သို့တစေ သူပြောလို့ ဘယ်သူယုံမလဲ၊ လူတွေက ပုံပြင်လို့ သဘောထားကြမည်ပင်။

"တောက်"

သူ တက်တစ်ချက် ခေါက်လိုက်မိသည်။

သည်လိုနှင့် မြတ်မင်းခိုင် လူသတ်မှု၊ စားပြုမှုနှင့် ထောင်ဆယ်နှစ် ကျခဲ့သည်။ သူ့ဘဝဆယ်စုနှစ် တစ်ခုတိတိ၊ အုတ်စည်းရိုးနောက်တွင် နေခဲ့ရသည်။ လွတ်ရက်တွေက မြတ်မင်းခိုင်အတွက် သောကဝေသည့်နေ့များ ဖြစ်ခဲ့စေကာမူ သူ့စိတ်ကို သူ ဖြေသိမ့်ခဲ့သည်။ ကျန်းမာရေးကို ဂရုစိုက်ခဲ့သည်။

လူတစ်ယောက်အဖို့ အနာဂတ်ကို အလှဆင်ရန် အရေးကြီးဆုံးသည် ကျန်းမာဖို့ လိုမည်မဟုတ်လား။

ခုတော့ သူ အနှောင်အဖွဲ့မှလွတ်ပြီ။

မြတ်မင်းခိုင် ထောင်မှလွတ်လျှင်လွတ်ချင်း ဟောဇလသို့



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ဟောမာဇလ အရာရာ ပြောင်းလဲနေပြီ။

သူ ဟောမာဇလသို့ရောက်ပြီး နောက်တစ်နေ့တွင် ပိတောက် ခြေရာကို ခံမိသည်။ ပိတောက်အား အောင်ငွေစိုး သိမ်းပိုက်လိုက်ကြောင်း ရင်နာစွာ ကြားသိရ၏။

နာကျည်းရင်နာမှုကို ခံစားရသည်။ သူ ပိတောက်ကိုတွေ့ရန် အပြင်းနှင်ခဲ့သည်။

ပိတောက် စိမ်းခက်မြိုင်တွင် ရှိသည်တဲ့။

သို့သော် စိမ်းခက်မြိုင်သို့ မြတ်မင်းခိုင်ရောက်ချိန်တွင် ပိတောက် အခြေအနေက မကောင်းတော့။ ပိတောက်အခြေအနေက သွေးအလူးလူး နှင့် မြင်ရက်စရာမရှိ။

တစ်ခုရှိသည်က ပိတောက်ကိုယ်ငွေ့ နွေးနေသဲ။ ပိတောက် မသေသေး။

"ပိတောက်. . .ပိတောက် ကိုမင်း လာပြီလေ. . ."

မြတ်မင်းခိုင် ပိတောက်ကို ထွေးပွေ့ရင်း ကြင်နာစွာ ခေါ်လိုက်၏။ ပိတောက်အခြေအနေက အားရဖွယ်မရှိ။ အသက်ငွေ့ငွေ့မှ အားယူ[illegible] သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကို. . . ကို. . . မင်း"

"ဟုတ်တယ် ပိတ်တောက်၊ ကိုမင်းရောက်ပြီလေ"

"ပိတောက်. . . ပိတောက် သစ္စာ မဖောက်ဘူး"

"ဒါကို ကိုမင်းသိတယ်၊ ပိတောက်ကို ယုံတယ်"

"အောင်. . . အောင်ငွေစိုး. . . ယုတ်မာတယ်. . . သူ. . . သူ မြှ. . . မြှရော"

ပိတောက်စကားမဆုံးခဲ့၊ ဇက်ကျိုးကျသွားပြီ။

"ပိတောက်"

သူကျယ်လောင်စွာ အော်လိုက်၏။

ပြီးတော့ သူမျက်ဝန်းညိုတွင် မျက်ရည်အပြည့်၊ ထိုစဉ် လူသံကြားလိုက်ရ၏။ သူချက်ချင်း သဘောပေါက်သွားသည်။ သည်တစ်ခါ အောင်ငွေစိုးကွန်ယက်တွင် သူ လည်စင်းမခံနိုင်။

ပိတောက်အိပ်ခန်းတွင်းမှ သေနတ်တစ်လက်ရသည်။ ပွိုင့်–၃၈ ဝက်ဘာလီအမျိုးအစား။ အရင်က မြတ်မင်းခိုင် ကိုင်ခဲ့သည့်သေနတ်။ ပိတောက် သိမ်းဆည်းထားမှန်းသိသာသည်။

သူပျော့်ရှင်စွာ သိမ်းယူခဲ့သည်။ ဒါက အောင်ငွေစိုးကို လက်စား



www.burmeseclassic.com

www.burmeseclassic.com



ချေဖို့ အလိုအပ်ဆုံး ပစ္စည်းပင်။

သူမြရောသို့ အလာတွင် စီစဉ်သင့်သည်ကို စီစဉ်ခဲ့သည်။

အားလုံး အိုကေဟုဆိုရမည်လား။ တကယ့်ကို အရာရာ အဆင်ပြေနေ၏။ ကြည့် မြရောသို့ဝင်တော့လည်း အခက်အခဲမရှိ။ တစ်ခုရှိသည်က မြရောသို့ဝင်ခဲ့ပြီး ညှော်ခန်းသို့အရောက် အမှောင်ကို ရင်ဆိုင်လိုက်ရသည်။

ဒါက ဘာသဘောလဲ၊

"ဟော့ကောင် အောင်ငွေစိုး ငါလာပြီလေ. . . မင်းကို အကြွေးဆပ်ဖို့ ငါလာပြီ"

မြတ်မင်းနိုင် အသံဟိန်းသွားသည်။

ထိုစဉ် ဖြတ်ခနဲ မီးပွင့်လာသည်။ မြတ်မင်းနိုင် ဖြတ်ခနဲ မျက်လုံးပိတ်ပြီး အလျင်အမြန် ဖွင့်လိုက်သည်။ မျက်စေ့ရှေ့မှာ အောင်ငွေစိုး. . .

"မင်း ဒီကို ရောက်လာမယ်ဆိုတာ ငါသိထားတယ် မင်းနိုင်" သူ့စကား။

"မင်း ပိတောက်ကို နှုတ်ပိတ်လိုက်တယ် မဟုတ်လား"

"အမှိုက်ဆိုရင် ရှင်းရမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း လူယုတ်မာပဲ"

"မင်းပြောချင်သလိုပြော၊ အေး ဒါပေမယ့် မင်း မနက်ဖြန်ဆို ဘာစကားမှ ပြောနိုင်မှာ မဟုတ်တော့ဘူး"

"ဒါ မဆန်းဘူး ငွေစိုး၊ လူတစ်ယောက်အတွက် မွေးဖွားခြင်းဟာ သေဆုံးခြင်းအတွက်ပဲ"

အောင်ငွေစိုးက ပြုံးသည်။ ပြီးမှ

"ကဲ မင်းခိုင်၊ မင်း ငါနဲ့ စာရင်းရှင်းဖို့ လာတယ်ဆိုတော့ ဘယ်လို စာရင်းရှင်းချင်လဲပြော" ဟုဆို၏။

"အကောင်းဆုံးက သေနတ်ချင်း ယှဉ်ပစ်ဖို့လေ"

"ဟား. . . ဟား. . . ဟား. . ."

အားပါးတရ ရယ်လိုက်ပြီး "မင်း ရူးနေလား မင်းခိုင်၊ မင်း ငါနဲ့ သေနတ်ချင်း ယှဉ်ပစ်လို့ မင်းဘယ်လို နိုင်မလဲ၊ မင်းက ဆယ်နှစ်လောက် သေနတ်နဲ့ "လက်ဝေးခဲ့တယ်ဆိုတာ မေ့နေပြီလား" ဟု လှောင်သလို ပြောသည်။

"ဒီအတွက် မင်းပူစရာ မလိုပါဘူး။ မင်း စိန်ခေါ်လား"

"အိုကေ. . ."



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စိန်ခေါ်ပွဲစပြီ. . .

တစ်. . .

နှစ်. . .

သုံး. . .

"ဒိုင်း. . ."

ကျယ်လောင်သည့် သေနတ်သံ။ မြတ်မင်းခိုင်၏ ဘယ်ဘက်ရင်အုံတွင် သွေးတွေရဲသွား၏။

မြတ်မင်းခိုင် ဒူးထောက်ကျသွားပြီး အောင်ငွေစိုးပြုံးလျှက်–

"ငါ စိတ်မကောင်းဘူး မင်းခိုင်၊ ခုကိစ္စက မင်းကိုယ်တိုင် သေခွင့်တောင်းတာနော်"

"ဟုတ်တယ်၊ ငါကိုယ်တိုင် သေခွင့်တောင်းတာ ငါသေခွင့်တောင်းတာက မင်းကို အုတ်စည်းရိုးနောက် ပို့နိုင်ဖို့ပဲ၊ မင်းအနေနဲ့ ဦးသိန်းလွင်ကိုသတ်ခဲ့တဲ့ကိစ္စ၊ ပိတောက်ကို သတ်ခဲ့တဲ့ကိစ္စတွေမှာ ဥပဒေကို လက်တစ်လုံးခြား လုပ်နိုင်ခဲ့ပေမယ့်၊ ငါ့ကို သတ်လိုက်တဲ့ကိစ္စမှာတော့ မင်းငြင်းလို့ မရတော့ဘူး။

မင်း အုတ်စည်းရိုးနောက် ရောက်ရမယ်၊ မင်းလူသတ်သမား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ရှင်းရှင်းပေါ်ရမယ်''

ဟု ပြောရင်း သေနတ်မောင်းကို ညှစ်ကွေးလိုက်လျှင် 'ချောက်' ခနဲ အသံထွက်လာသလို မြတ်မင်းခိုင် လဲကျသွားသည်။

အောင်ငွေစိုး ကျောက်ရုပ်။

မြတ်မင်းခိုင် ဖုန်းနှင့်ဆက်ကာ အကြောင်းကြားခဲ့သည့်အတိုင်း မြရောသို့ ရဲတပ်ဖွဲ့ဝင်များ ရောက်လာပြီး သေနတ်ကိုင်ကာ ငိုင်နေသည့် အောင်ငွေစိုးကို လက်ထိပ်ခပ်လိုက်ပြီ။

အောင်ငွေစိုး ကျောက်ရုပ်။

အောင်မြတ်ဦး



www.burmeseclassic.com

www.burmeseclassic.com



## အနီနှင့်အဖြူ ဘယ်သူ့အဓိကလဲ

(၁)

ကျွန်တော် နိုင်ငံ့ဝန်ထမ်းဘဝက ထားလဲ့ရီဆိုသော မိန်းကလေး တစ်ဦးကို တွေ့ခဲ့ဖူးသည်။ ထားလဲ့ရီကလှပသည်။ လှပသည့် မိန်းကလေး တစ်ဦးပင်၊ ပြစ်မျိုးမဲ့မထင်သည့် အလှပိုင်ရှင်ဟုလည်း ခေါ်ဆိုနိုင်သည်။

နက်မှောင်သည့်ဆံကေသာ
စင်ရော်တောင်မျက်ခုံး
ရှန်းလဲ့သည့် မျက်ဝန်းညို
ပေါ်လွင်သည့်နှာတံ
ညွတ်ကွေးနီထွေးသည့်
နှုတ်ခမ်းအစုံ



www.burmeseclassic.com

www.burmeseclassic.com



ကျော့ရှင်းသောလည့်တိုင်

မို့မောက်သောရင်

သေးကျုံ့သည့်ခါး

စွင့်ကားသောတင်။

ဘယ်လိုမှ ပြုပြင်ဖို့မလိုလှလေအောင် လှသူဟု ဆိုရမည်။

ကျွန်တော် ဤသို့ အမွှန်းတင်ပြောဆိုသဖြင့် စာဖတ်သူ အံ့ဩကောင်း

အံ့ဩလိမ့်မည်။ သို့မဟုတ် အခြယ်အသ အပြုအပြင်တွေနှင့်မို့ လှသည်ဟု

ပြောကောင်းပြောမည် မဟုတ်ပါ။

အမှန်ကို ဝန်ခံရလျှင် ထားလဲ့ရီက လှသဖြင့် လှသည်ဟု

ပြောရခြင်းသာ ဖြစ်ပါသည်။ လှသည်ဟု ပြောရသည်မှာလည်း အကြောင်း

ရှိပါသည်။ အကြောင်းမှာ ရှေ့လူကြီးသူမများက မိန်းကလေးတစ်ဦးတွင်

င်ကိုအလှ ရှိမရှိ အိပ်ရာနိုးထစ ကပိုကရိုအချိန်တွင် ကြည့်မှသိနိုင်မည်

ဟု အဆိုရှိပါသည်။ (ထိုအချိန်တွင် အပြုအပြင် အခြယ်အသမရှိသဖြင့်

င်ကိုသာရှိသဖြင့် အလှအပကို ပကတိမြင်နိုင်သောကြောင့် ဆိုလိုခြင်း

ဖြစ်သည်)။

ကျွန်တော် ထားလဲ့ရီကို လှသူဟုပြောရခြင်းမှာ အခြယ်အသ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


မရှိ၊ ပင်ကိုအလှ သီးပွင့်ချိန် ‌အိပ်ယာနိုးထစတွင် မြင်တွေ့ခဲ့ရသောကြောင့်ဟု ဆိုလျှင်မမှားပါ။

မှန်ပါသည်။

ထားလဲ့ရီကလှပါသည်။

ဤကဲ့သို့ပင် ထားလဲ့ရီဘဝ ဖြတ်သန်းမှုက သံဝေဂရစရာ ရင်ခုန်မောစရာဟု ဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် ထားလဲ့ရီနှင့် ပထမဆုံး နဖူးတွေ့ ဒူးတွေ့ တွေ့ရချိန်က ထားလဲ့ရီသည် ရက်စက်ကြမ်းကြုတ်သည့် လူသတ်သမား ဖြစ်နေသောကြောင့်တည်း။

◈ ◈ ◈

(၂)

စနေနေ့ ညတစ်ည။

အချိန်က ည (၈) နာရီထိုးပြီးစ။

ရေဒီယိုမှ သတင်းကြေညာသံ သဲ့သဲ့ကြားနေရသည်။ မြောက်ဖျားဒေသ၏ အအေးဒဏ်က သိသိသာသာကဲနေ၏။ နီယွန်မီးရောင်များ၏


www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ နှင်းဝတ်လွှာပါးပါးကို မြင်နေရသည်။

ရေခဲတောင်များကို ဖြတ်သန်းလာသည့်လေသည် အေးစက်စက်။

ထိုအချိန်တွင် နံ့သာရောင်ဝမ်းဆက်နှင့် သိုးမွှေးဦးထုပ်ဖြူ ဆောင်းထားသည့် မိန်းကလေးတစ်ဦး စခန်းတွင်းသို့ ဝင်လာသည်။ ညာပခုံးတွင် အနက်ရောင်အိတ်တစ်လုံး လွယ်လျက်။

"ဟော့ ဘယ်သူလဲ ရပ်"

တာဝန်ကျ ကင်းသမားက ကျယ်လောင်သည့်အသံနှင့် လှမ်း၍ မေးရင်း ရိုင်ဖယ်သေနတ်ကို အသင့်ပြင်လိုက်သည်။ သူတုံ့ခနဲ ရပ်သွား၏။ "ကျွန်မ တာဝန်ကျ တာဝန်မှူးနဲ့ တွေ့ချင်လို့ပါ" ဟု လှမ်းပြောသံ ကြားလိုက်ရသည်။

"မင်း ဘယ်သူလဲ"

"ကျွန်မ ထားလဲ့ရီပါ။ လူသတ်မှု တစ်မှုအကြောင်း သတင်းပို့ ချင်လို့ပါ"

"ဝင်ခဲ့"

သူဝင်လာသည်။

တာဝန်မှူးရုံးခန်းသည် စခန်းညာစွန်တွင်ရှိ၏။ ထိုစခန်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



…ွင် စခန်းအပေါက်ဝကို အတိုင်းသား မြင်ရသည်။ အခန်းထဲတွင် …ာဝန်မှူး ဒုရဲအုပ်ထိန်လင်းနှင့် ကျွန်တော်ရှိနေ၏။ ကျွန်တော်က …အဖွဲ့ဝင် မဟုတ်။ သီးခြားဝန်ထမ်း။

ယခု ဤစခန်းတွင် ရောက်နေသည်။ အကြောင်းကို ပြောရလျှင် …ရဲအုပ်ထိန်လင်းသည် ကျွန်တော့်မိတ်ဆွေဖြစ်ခြင်း တစ်ခုဖြစ်သလို …ောက်တစ်ခုက ပူးပေါင်းတာဝန်တစ်ခု ထမ်းဆောင်ရန် ညှိနှိုင်းနေကြခြင်း …ု ဆိုလျှင် ပိုမှန်သည်။ ကျွန်တော်တို့တွင် ဆက်နွယ်မှုရှိ၏။

သူရောက်လာပြီ။

"ထိုင်ပါ ဒေါ်ထားလဲ့ရီ"

ဒုရဲအုပ် ထိန်လင်းကပြောသည်။ ကျွန်တော်က စီးကရက် …စ်လိပ်မီးရင်း နှုတ်ဆိတ်နေမိသည်။ သူ့ကို အကဲခတ်နေမိသည်။ …ာဝန်မှူးရှေ့ ကုလားထိုင်တွင် ထိုင်လိုက်၏။ ထားလဲ့ရီက မိန်းမလှ …လေးတစ်ဦးဖြစ်သလို နွဲ့သည်၊ နူးညံ့သည်၊ တစ်ခုရှိသည်က သူက …ခတ်ဆန်သူ၊ သူ့ပင်ကိုအလှက အေးသော်လည်း သူ၏ခေတ်ဆန်သည့် …တ်စားဆင်ယင်မှုကြောင့် ပူလောင်သလို ခံစားရသည်။

ထိန်လင်းက "ခုနထားလဲ့ရီ လူသတ်မှုအကြောင်း သတင်းပို့ချင်



www.burmeseclassic.com

www.burmeseclassic.com



လို့လို့ ပြောသံကြားလိုက်တယ်။ လူသတ်မှုက ဘယ်မှာဖြစ်တာလဲ၊ ဒေါ်ထား လှဲ့ရီက မျက်မြင်တွေ့လိုက်ရလို့လား'' ဟု မေးလိုက်သည်။

ထိန်လင်းက ရဲတပ်ဖွဲ့ဝင် ပီသသည်။ ပိရိသည်။

''လူသတ်မှုဖြစ်တာက နှင်းတောင်ဂေဟာမှာပါ။ ကျွန်မ မျက်မြင် တွေ့တာမဟုတ်ပါဘူး''

''ဒါဆို ကြားတာလား''

''မဟုတ်ဘူး''

''ဗျာ''

ဒုရဲအုပ် ထိန်လင်းပင် ကြောင်သွားသည်။ ထိုအခါ ကျွန်တော်က ကြားဝင်သင့်သည်ဟု ယူဆသဖြင့်. . .

''ဒီလိုရှိပါတယ်။ ဒေါ်ထားလှဲ့ရီ၊ လူသတ်မှုဆိုတာ ဖြစ်မှုကြီးပါ။ ဒါကြောင့် တိကျသေချာဖို့ လိုပါတယ်။ ဒါမှလဲ အမှုမှန်ကို အမြန်ဆုံး ဖော်ထုတ်နိုင်မှာလေ''

ဟု ဝင်ပြောလိုက်၏။

သူက တည်ငြိမ်စွာ ပြုံးလိုက်၏။

''ခုလဲ မျက်မြင်ထက် တိကျပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ပြောပါ"

သူက မပြောသေးပါ။ သို့သော် သူက ညာဘက်ပုခုံးမှ အိတ်အ ကော်ကို ပခုံးမှ ဖြုတ်လိုက်သည်။ အိတ်ကို ဖွင့်ပြီး ပစ္စည်းတစ်ခု ထုတ် ယူလိုက်သည်။ ပစ္စည်းကို စားပွဲပေါ်တင်လိုက်လျှင် ကျွန်တော်တို့ အံ့ဩသွားရသည်။ (သာမန်လူဆို တုန်လှုပ်သွားနိုင်ပါသည်)

အဘယ်ကြောင့်ဆိုသော် သူစားပွဲပေါ်သို့ တင်လိုက်သည်မှာ နီစွေးသည့် သွေးများပေကျံနေသည့် ဓားမြှောင်တစ်ချောင်းဖြစ်နေသော ကြောင့်တည်း။

◈ ◈ ◈

(၃)

အကြည့်နှစ်ခုက ထားလဲ့ရီထံသို့ ရောက်သွားသည်။ ထားလဲ့ရီက တည်ငြိမ်စွာ ပြုံးကြည့်သည်။

"ဒီဓားက လူသတ်မှုမှာ အဓိကအရေးပါတဲ့ ပစ္စည်းသက်သေ ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို လူသတ်သမားကကော ပြေးပြီလား"

ထားလဲ့ရီ ခေါင်းခါ လိုက်သည်။

"မပြေးပါဘူး၊ လူသတ်သမားက ဟောဒီက တာဝန်မှူးကြီး ရှေ့မှာ ရောက်နေတယ်လေ"

ဟု တစ်လုံးချင်း တည်ငြိမ်စွာပြောသည်။

"ခင်ဗျာ"

"ဗျာ"

သူက လှသော အပြုံးကို ထပ်ပြုံးသည်။ ပြုံးရင်း . . .

"ဆရာတို့ သိပ်အံ့သြသွားလား၊ ဒါမှမဟုတ် မယုံကြည်ဘူးလား" ဟုမေးသည်။

ကျွန်တော်က. . .

"ဟုတ်တယ်၊ မယုံကြည်စရာကောင်းသလို အံ့သြစရာဆိုတာ မှန်တယ်။ ခင်ဗျားကိုယ်တိုင်သာ ပြောတာမဟုတ်ရင် ဘယ်လိုမှ ယုံစရာ မရှိဘူး"

ဟု ပြောလိုက်လျှင် သူက "နှင်းဆီပန်းက သိပ်လှပေမယ့် သူ့ဆူးတွေနဲ့လေ" ဟု ထားလဲ့ရီက ပြောသည်။ ပြောရင်း ဆက်ဖြ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဘက်ကို စားပွဲပေါ်တင်လိုက်သည်။ ဒုရဲအုပ် ထိန်လင်းက. . .

"ကျွန်တော်တို့ တာဝန်အရ ဆက်လက်ဆောင်ရွက်ခွင့်ပြုပါ။ မထားလှဲ့ရီ"

ဟု ပြောသည်။ ထားလှဲ့ရီက အပြုံးနှင့် ခေါင်းဆတ်သည်။

သူ့လက်လှလှကလေးတွင် ဒန်ရောင်လက်ထိပ်ခတ်လိုက်ပြီ။

ထားလှဲ့ရီက၊ပြုံးလျက်. . .

"ကျွန်မ ပြောပြမှာပေါ့။ ကျွန်မသတ်လိုက်လို့ သေရတဲ့ သေသူက ကျွန်မချစ်သူလေ။ သူ့နာမည်က ကိုဆန်းဦးတဲ့။ ကျွန်မ ဟောဒီဓားနဲ့ သူ့ကို မသေမချင်းထိုးသတ်ခဲ့တာ။ ယခု သူ့အလောင်းက ကျွန်မ အိပ်ခန်းထဲမှာ ရှိနေတယ်"

ကျွန်တော် အားတုံ့အားနာ ကြည့်လိုက်မိသည်။ ကျွန်တော် ဝမ်းထဲတွင် ပြောစရာ (မေးစရာ) စကားတစ်ခုရှိနေသည်။ သို့တစေ၊ ဒီစကားက အမေးခက်သည့်စကား၊ ထားလှဲ့ရီက လူကဲခတ်မဆိုး။

"ဆရာ ကျွန်မကို မေးစရာ ရှိနေတယ် မဟုတ်လား" တဲ့။

"ဟုတ်ကဲ့ မေးရမှာ အားနာနေတယ်"

"ဘာလဲ ဆရာ ကိုဆန်းဦးဟာ ကျွန်မချစ်သူဆိုပြီး ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲရောက်နေလို့ အံ့ဩနေလား၊ ဒါကို မေးချင်တာ မဟုတ်လား"

"ဟုတ်"

"အဖြေက ရှင်းရှင်းလေးပါ။ ကျွန်မ မထိန်ချန်ပါဘူး။ ကျွန်မက အနောက်တိုင်းယဉ်ကျေးမှုကို အထင်ကြီးတယ်လေ။ ခေတ်မီမှ တန်ဖိုးကြီးတယ်လို့ ထင်တယ်"

"ခင်ဗျားတို့ လက်မထပ်ဘဲ အတူနေကြတယ်ဆိုပါတော့"

"ဟုတ်ပါတယ် ဆရာ"

"ဒါဆို ခင်ဗျားတို့ဟာ သာမန်မဟုတ်ဘူး။ ခင်ဗျားတို့ဟာ တရားဝင် လင်မယားမဟုတ်ပေမယ့် နှလုံးသားချင်း အသွေးအသားချင်း လက်ထပ်ထားသူတွေ၊ ဒီလိုဘဝကိုရပြီးမှ ခုလိုဖြစ်ရတယ်ဆိုတော့"

"ဟုတ်ပါတယ်။ ကျွန်မ ပြောပြမှာပါ"

သူက ပြောရင်း ပြောရင်း ဖြစ်ကြောင်းကုန်စင်ကို နတ်သံမခနှာသော်လည်း ပြောပြလေသည်။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



(၄)

ကိုဆန်းဦးနှင့်ထားလဲ့ရီဘဝတွင် အပျော်တို့က ပြည့်နေသည်ဟု ဆိုရမည်။ ဘာမျှလိုလေသေးမရှိဟု ဆိုရမည်။ တစ်ဦးကိုတစ်ဦး ချစ်ကြ သလို ယုံကြည်ကြသည်။ တရားဝင် လက်မထပ်ကြသေးသော်လည်း အတူနေကြသည်။ သည့်အတွက်လည်း ပြဿနာရှိ။

တစ်ဦးကိုတစ်ဦး ချစ်နေခြင်း၊ တစ်ဦးကိုတစ်ဦး လိုက်လျောခြင်းကို ပြည့်စုံသောဘဝဟု ထင်ခဲ့သည်။ ပြဿနာဆိုလျှင်လည်း နှစ်ဦးအတူ ဖြေရှင်းခြင်းဖြင့် ပြေလည်မည်ဟု ယုံကြည်ခဲ့သည်။ အချစ်သည် ဖြိုးပြည့်စုံ ခြင်းဟု ခံယူသည်။

သို့သော် မကြာမီ ရက်ပိုင်း ပြဿနာမီးစတစ်ခုကို ထားလဲ့ရီ ခဲ့လိုက်မိသည်။ ပြဿနာက အခြားမဟုတ်၊ ထားလဲ့ရီ၏ ဝမ်းကြာတိုက် တွင် သန္ဓေသား တည်ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် သူဆုံးဖြတ်ရပြီ

"ကိုဦး ထားရင်ထဲမှာ ကိုဦးရင်သွေးရှိနေပြီ"

ထားလဲ့ရီ ခပ်နွဲ့နွဲ့ပြောလိုက်သည်။ ထားလဲ့ရီအသံက အေးဆေ သော်။ သို့သော် ကိုဆန်းဦးထိတ်ထိတ်ပြာပြာ ဖြစ်သွားပုံရသည်။

"ဟုတ်လား ဒါဆို မင်းဘာမှ မလုပ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေးကြောင့် ထားလဲ့ရီတုန့်လှုပ်သွားသည်။ သူ့ကို နားမလည်နိုင်၊ ဆတ်ခနဲကြည့်လိုက်သည်။

"ဘာလဲ ကိုဆန်း ထားက ဘာလုပ်ရ မလဲ၊ ဒါက ကိုဆန်းနဲ့ထားရဲ့ ရင်သွေးလေ" ဟု ပြောလိုက်၏။

"တကယ်ကော ဟုတ်ရဲ့လား"

"ဒါဟာ လိမ်စရာမှ မဟုတ်ဘဲ ကိုဆန်း"

"ကိုယ်ပြောတာ ဒါမဟုတ်ဘူးထားလဲ့၊ ရှင်းရှင်းမေးရရင် ဒီသန္ဓေသားဟာ ငါ့သွေးသားဟုတ်ရဲ့လား"

"ကိုဆန်း ဘာကြောင့် ဒီလိုမေးတာလဲ"

ကိုဆန်းဦး ပြုံးသည်။ ပြီးမှ. . .

"ပြောရရင်မင်းက လွယ်တယ်လေ။ ဒီကိစ္စကို အဓိက မထားဘူးဆိုတာ ငါသိတယ်။ ဒါကြောင့် ပြောရတာ" တဲ့။

ထားလဲ့ရီရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။ မိန်းမတွေက သိပ်ချစ်လျှင် ချစ်သူကို ယုံကြသည်။ ပုံကြသည်။ ချစ်သူပြုံးပြင်မည်ကို စိုးသဖြင့် ပုံအပ်လိုက်ခြင်းဖြစ်သည်။ ဒါကို တချို့က နားလည်မှုမရှိသည့်အထဲတွင် ကိုဆန်းဦးပါနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဦး ထားလဲ့ကို မယုံဘူးလား"

"ဒါက အဓိက မဟုတ်ပါဘူး။ အဓိက က ငါက နွားကျောင်း အလုပ်ကို မလုပ်တတ်ဘူး"

"ဘာဖြစ်လို့ ကိုဆန်း ဒီစကားပြောတာလဲ ထားဟာ ကိုဆန်း ရင်ခွင်ထဲမှာ ရှိနေသူပါ"

"ဒီလိုတော့ မပြောနဲ့လေ။ မင်းဟာ ညမှာ ငါနဲ့ရှိနေပေမယ့် တစ်နေ့လုံး ယောကျ်ားတကာနဲ့ အလုပ်လုပ်နေတာ။ အားလုံးဟာ ငါ့မျက်စိ ကွယ်ရာမှာလေ။ မိန်းမတွေဟာ ဆိတ်ကွယ်ရာမှာ ဖောက်ပြန်တတ်တယ် လို့ လူကြီးသူမတွေက ပြောကြတယ်"

"တော်ပါတော့ ကိုဆန်း စကားတွေက ထားရဲ့ကိုယ်ကျင့် သိက္ခာကို စော်ကားသလိုဖြစ်နေပြီ"

ထားလဲ့ရီ တနင့်တပိုးခံစားနေရသည်။ ကိုယ်အချစ်ဆုံး ကိုယ့် အမြတ်နိုးဆုံးသူက ဤသို့ ဆက်ဆံပြောဆိုလာသဖြင့် ပို၍ ခံစားရသည်။ စင်စစ်မူ ကိုဆန်းသည် ထားလဲ့ရီဘဝကို နားအလည်ဆုံး သူဖြစ်၏ သို့သော် ယခု ဘယ်လိုဖြစ်သနည်း။

"ထားဟာ လွတ်လပ်ပေါ့ပါးတဲ့ အမူအကျင့်တွေ ရှိပေမ



www.burmeseclassic.com

www.burmeseclassic.com



ထားဟာ စောင့်စည်းသူဆိုတာ ကိုဆန်းသိပါတယ်။"

တစ်ချိန်က သူစကား ဘာကြောင့်အခုမှ ပြောင်းလွဲခဲ့သနည်း။ ယောကျ်ားဆိုသည် ယောကျာ်းများသည် ဤသို့ပင် အပြောင်းအလွဲ ရှိကြသလား။ အစာဝ၍ ဠာနေပြန်လိုသည့် သဘောလား။

"ကိုဦး ထားကို ချစ်သေးရဲ့လား"

ထားလဲ့ရီက မေးလိုက်သည်။

"ဒါက အဓိကမဟုတ်ပါဘူးထား ကိုယ်စဉ်းစားနေတာက အများ အယွင်းမဖြစ်ဖို့ပဲ"

"ကိုဦးစကားကို ကြားရတော့ ထားအရမ်းဝမ်းနည်းတယ်။ ထားဟာ အခြေအနေအရ ယောကျ်ားတွေနဲ့ အဆက်အဆံရှိနေပေမယ့် ထားနှလုံးသားက ဖြူစင်ပါတယ် ကိုဦး"

"ဒီလိုပြောတိုင်း ကိုယ်ယုံရမလားထား"

အခုတော့ ထားလဲ့ရီပို၍ ခံစားလိုက်ရသည်။ အောက်နှုတ်ခမ်းကို တင်းတင်းစေ့လိုက်သည်။

"ဒါဆိုလဲ ကိုဦးကြိုက်သလို ဆုံးဖြတ်ပါ" ဟု ပြောလိုက်သည်။

"ကိုယ်သွားမယ် ထား"



www.burmeseclassic.com

www.burmeseclassic.com



ကိုဆန်းဦးထလိုက်သည်။

ထားးလဲ့ရီ ဆုံးဖြတ်ချက်တစ်ခုချလိုက်သည်။ ထိုဆုံးဖြတ်ချက်ကား

◈ ◈ ◈

(၅)

"ထားလဲ့ရီ ကိုဆန်းဦးကို သတ်လိုက်လား"

ကျွန်တော်က မေးလိုက်သည်။ သူက. . .

"ဟုတ်တယ်ဆရာ သူဟာ ယောကျ်ား မပီသဘူး။ ကိုယ့်တာဝ

ကိုယ်မယူချင်ဘူး" ဟု ပြောသည်။ ပြီးမှ "ဒါကြောင့် ကျွန်မ သူ့

သတ်လိုက်တာ" တဲ့။

"ဒီအတွက် မင်း ပြစ်ဒဏ်ခံရမှာ မသိဘူးလား"

ထားလဲ့ရီက ပြုံးလျက်။

"သိပါတယ်။ ဒါပေမယ့် ဒါကို ကျွန်မ မကြောက်တော့ဘူးဆရာ

ကျွန်မက သင်ပုန်းချေတယ်လို့ မှတ်လိုက်တယ်။ အခုဖြစ်ရတာ ကျွန်

အနောက်တိုင်းယဉ်ကျေးမှု အမှုအကျင့်ကို မြတ်နိုးလို့ ဖြစ်ရတာ။ ဒီအ



www.burmeseclassic.com

www.burmeseclassic.com



အကျင့်တွေကို ပြစ်မှုကြေးကို ချေးနဲ့ပေးဆပ်ရင်း ပြင်ရမယ်။ ပြင်မှုကြေးတွေ ကြေတဲ့နေ့မှာ ကျွန်မဟာ ဘဝသစ်၊ လူသစ်နဲ့ လောကသစ်မှာ ရပ်တည်နိုင်မှာပါ''

''ဒီရည်ရွယ်ချက်ဟာ အမှန်ကန်ဆုံးရည်ရွယ်ပဲ ထားလဲ့ရှိအောင်မြင်ပြီးမြောက်ပါစေလို့ ကျွန်တော်တို့ ဆုတောင်းပေးပါမယ်''

ဟု ကျွန်တော်က ပြောလိုက်၏။ သူက ပြုံးသည်။ သူက မိန်းကလေးဖြစ်သော်လည်း စိတ်ဓါတ်ခိုင်မာသူ၊ အရာရာကို တည်ငြိမ်စွာ ဖြေရှင်းနိုင်သူမှန်းသိသာသည်။

ထို့နောက် ဒုရဲအုပ်ထိန်လင်းက နှင်းထောင်ဂေဟာသို့ သွားရန် စီစဉ်သည်။ ပထမအစီအစဉ်အရ ပထမအဖွဲ့နှင်းတောင်သို့ လွှတ်သည်။ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ မှူခင်းသတင်းထောက်ပါသည်။ ပြီးမှ ဒုရဲအုပ်ထိန်လင်းနှင့်အဖွဲ့ လိုက်ခဲ့သည်။ ကျွန်တော်က ညွှန်သည်။

နှင်းတောင်ဂေဟာသို့ ရောက်ခဲ့ပြီ၊ ကျွန်တော်တို့ ရောက်ချိန်တွင် အသက်ခံရသူ ဆန်းဦး၏ ရုပ်အလောင်းကို ဆေးရုံသို့ပို့ရန် စီစဉ်ဆောင်ရွက်နေပြီ။ ''အားလုံးစီစဉ်ဆောင်ရွက်ပြီးပါပြီး ဗိုလ်ကြီး'' ရဲတပ်သားတစ်ဦးက သတင်းပို့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ"

ထို့နောက် ထိန်လင်းနှင့် ကျွန်တော် သေဆုံးသူ ဆန်းဦး၏မှ
အလောင်းကို အကဲခတ်ကြည့်သည်။ မျက်နှာက သွေးထွက်လွန်၍ ဖြူဖျေ
နေပြီ။ အမှုလိုက် နယ်ထိန်းညိုမောင်က "သေဆုံးသူဟာ နောက်ကျော
ပြင်းထန်စွာ အရိုက်ခံရပြီးမှ ဓားနဲ့မသေမချင်း အထိုးခံရတာ။ သေပုံ
တော့ မရှုမလှသေပုံပဲ" ကျွန်တော် ခေါင်းညိတ်လိုက်သည်။

ကျွန်တော်မျက်စိထဲတွင် ထားလဲ့ရီ၏ ရုပ်သွင်ထင်ပေါ်လာ

"ထားလဲ့ရီဟာ အတော်သွေးအေးတဲ့ မိန်းကလေးပဲ"

"ဒါက မဆန်းဘူးကွ၊ ဒီအဖြစ်မျိုးက ကိုယ့်ကိုကိုယ် အနီလ
အဖြူလား၊ ကွဲပြားမသိတဲ့ မိန်းကလေးတွေ ဖြစ်တတ်တဲ့ အဖြစ်
ဒီကနေ့ မိန်းကလေးတွေဟာ ရဲရင့်တိုးတက်ခြင်းကို အဓိကထင်တယ်
ရဲရင့်တိုးတက်ခြင်းက အရောင်သဘောနဲ့ပြောရင် အနီရောင်ပေ
ဒါကြောင့် အနီရောင် မိန်းကလေးတွေ များနေတာပေါ့။

တကယ်တော့ ရဲရင့်တိုးတက်ခြင်းထက် စိတ်ငြိမ်ခြင်းက ပိုအရေ
ပါတယ်။ အနာဂတ်ကို ကြိုတွေးသူတွေက တည်ငြိမ်အေးချမ်း
အဖြူရောင်ဘဝကို မြတ်နိုးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီဘဝဟာ လုံခြုံမှုအတွက် အရေးပါတဲ့ဘဝလေ၊ ဒါကို ထားလှဲ့ရီ သိသွားတဲ့အတွက်တော့ ဝမ်းသာစရာလို့ ဆိုရမယ်''

''ဒါပေါ့ဗျာ။ ဒီကနေ့ မိန်းကလေးတွေ အများကြီးကြုံပြီး ဘဝ မှန်တိုင်း ထန်နေခဲ့တာ။ ဒါကြောင့်လဲ မိန်းကလေးတွဘဝမှာ ရဲရင့် လူရာဝင်ဖို့ထက် တည်ငြိမ်အေးချမ်းတဲ့ဘဝကို တည်ဆောက်နိုင်ဖို့ ပိုပြီး အဓိကကျတယ်လေ။ ဒါကို မိန်းကလေးတွေ သိစေချင်တယ်''

''အခု ထားလှဲ့ရီဖြစ်တဲ့ အဖြစ်က တကယ့်ကို သင်ခန်းစာ တစ်ပုဒ်ပဲလေ''

''မှန်တာပေါ့၊ ထိန်လင်းရယ်။ ဒီကနေ့ မိန်းကလေးတွေဟာ သူတို့ကိုယ်သူတို့ ရဲရင့်သူလို့ ခံယူကြတယ်။ ရဲရဲတွေ့ ရဲရဲကိုးဝင်၊ ရဲရဲ ရင်ဆိုင်၊ ရဲရဲဖြတ်သန်းကြတယ်။ ဒါကို ဘဝဖြတ်သန်းမှုအတွက် အဓိကလို့ ယူဆကြတယ်။ ဒါဟာ အမှန်ဆိုပေမယ့် လုံးဝမမှန်ဘူးလို့ ဆိုရမယ်။ ဘာကြောင့်လဲဆိုရင် ချစ်ခြင်းတရားနဲ့ လက်တွေ့အိမ်ထောင်မှု ကိစ္စမှာ တော့ ဒါက အမှားဖြစ်နေတယ်။

ဒီကနေ့ ယောက်ျားတွေက ချစ်သူနဲ့ ဘဝကြင်ဖော်ကို တည်ငြိမ် သူပဲ ဖြစ်စေချင်ကြတယ်။ အခု ဆန်းဦး ထားလှဲ့ရီကို သံသယဝင်တာ



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်လွန်း ပွင့်လင်းလွန်းလို့ပဲ"

"ဟုတ်တယ်၊ ဒါကို ကျွန်တော် တွေးမိတယ်။ ဒီလူသတ်မှု အဖြစ်ကို ပြန်ကြည့်ရင် သံသယဟာ အဓိကပဲ။ ထားလှဲ့ရီကို ဆန်ဦးက သံသယရှိတယ်။ မယုံကြည်ဘူး။ ဒါကြောင့် ထားလှဲ့ရီခံပြင်းပြီး အချစ်ဆုံးကို သတ်လိုက်တာ မဟုတ်လား"

"မှန်တာပေါ့၊ ထိန်လင်းရယ်။ ဒီအဖြစ်ဟာ မဖြစ်သင့်တဲ့အဖြစ်ပဲ။ ဒါမျိုးတွေ မဖြစ်အောင် တို့ဝိုင်းဝန်း ကြိုးစားရမယ်လေ"

ဟု ကျွန်တော်က ပြောသည်။ ခုရဲအုပ်ထိန်လင်းက "ဟုတ်ပါတယ် အစ်ကို လောကမှာ အဆိုးဆုံးက အတွေးမှား အမြင်မှားပဲ။ ဒါဟာ ဘဝတစ်ခုလုံးကို ယိုယွင်းသွားစေတယ်ဆိုတာ မိန်းကလေးတွေ သိသင့်တယ်" ဟု ပြောသည်။

"ဪ သူတို့လည်း နားလည်ရှာမည်ထင်ရဲ့"

အောင်မြတ်ဦး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



## ၅၂၈ အဖြူရောင်ကြိုး

(၁)

စင်စစ် ကျွန်တော်နှင့် ဦးတင်မောင်ဇော်တို့ ဆုံစည်းခဲ့သည်မှာ လွတ်လပ်သော လောကဟင်းလင်းပြင်ကြီးတွင် မဟုတ်၊ မွန်းကြပ်ပိတ်လှောင်နေသည့် အုတ်တန်းရိုးနောက်ရှိ သံကန့်လန့်ကာ အခန်းငယ်တစ်ခန်းတွင် ဖြစ်၏။

ထိုအခန်းတွင် ပြာလွင်သော လူးလွန့်လှုပ်ရှားနေသော ခန်းစီးလိုက်ကာများ မရှိ၊ အုတ်စည်းရိုးနှင့် သံတိုင်ပဲ ရှိသည်၊ စိတ်သွားတိုင်း ကိုယ်မပါသည့် နေရာ၊ စည်းမျဉ်း ကန့်သတ်ချက်တွေ ထုံလွှမ်းသည့် နေရာ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုသို့ ကျဉ်းကြပ်သောနေရာတွင် ကျွန်တော်နှင့်သူ လွတ်လပ်ပေါ့ပါးစွာ တွေ့ဆုံကြသည်။ ကျွန်တော်တို့နှစ်ဦးစလုံးသည် ဖြစ်မှုတစ်ခုစီနှင့် နရသိမ် စံအိမ်သို့ ရောက်ခဲ့ကြသော်လည်း လတ်လတ်ဆတ်ဆတ် ရှိသည်။ ပူပင်သောကဟူသမျှကို မေ့လျော့နေကြသည့်ပုံ။

"ကိုအောင့်ကို ကြည့်ရတာ တကယ့်ကို ပူပင်သောက မရှိသလိုပဲ၊ ထောင်ထဲကို ရောက်နေပေမယ့် ဘာမှမဖြစ်သလိုပဲ"

သူက ပြောသည်။

ကျွန်တော် ပြုံးလိုက်၏။

"ဒါမဆန်းပါဘူး ကိုတင်မောင်ဇော်၊ ပြောရရင် ကျွန်တော်ဟာ ထောင်ထဲရောက်နေခဲ့ပေမယ့် ကျွန်တော့်လိပ်ပြာသန့်နေတယ်၊ ဖြစ်မှုတစ်ခုကြောင့် ရောက်တာ မဟုတ်ဘူးဆိုတာ သိနေတယ်၊ ဝဋ်ကြွေးတစ်ခုကို ဆပ်တာပဲဖြစ်လို့ ဘာမှမဖြစ်ဘူး"

ဟု ဖြေလိုက်သည်။

"အဲဒါ မှန်ပါတယ်၊ ကျွန်တော်ဟာ ထောင်သက်ရှည်လာလို့ အမှန်ဆိုတာ သိလာတယ်"

"ခု ဦးတင်မောင်ဇော် ထောင်နေစား ဘယ်လောက်ရှိပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါးနှစ်ကျော်ပြီ ဆိုပါစို့"

"ပြစ်ဒဏ်က"

"ခုနှစ်နှစ်"

"လျှော့ရက်နဲ့ဆို သိပ်မလိုတော့ဘူး ဆိုပါတော့"

"ဟုတ်ပ၊ မလိုတော့ဘူးလေ၊ ကျွန်တော်ကတော့ လွတ်ရက်နီးလာလို့လား မသိဘူး၊ လွတ်ရက်ကို တွေးရင်း ပျော်နေတယ်၊ ကျွန်တော်အပြင်ကိုရောက်ရင် ပျော်စရာဘဝကလေးတစ်ခုကို လွတ်လွတ်လပ်လပ်တည်ဆောက်တော့မှာလေ"

"ဒါဆို အပြင်ကလူတွေကလည်း ကိုတင်မောင်ဇော်ကို မျှော်နေကြမှာပေါ့"

"ဟုတ်တယ် ကိုအောင်"

သူက ပြောရင်း ဂျိုးသိန်းဆေးပေါ့လိပ်ကို မီးညှိလိုက်၏။ သူ့မျက်နှာသည် ပိုမိုကြည်လင်လာသလိုပင်။

ကျွန်တော်က လူ့စိတ်နှင့် လူ့မျက်နှာကို ဖတ်ကြားသည့် စာရေးဆရာတစ်ဦးဖြစ်သဖြင့် သူ့ဘဝတွင် စိတ်ဝင်စားစရာ ကိစ္စများ ရှိလိမ့်မည်ဟု ကျေးမြင်နေမိသည်။ စပ်စုရန်လည်း စဉ်းစားနေမိသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က. . .။

"ကိုတင်မောင်ဇော် အမှုက လူသတ်မှုလား"

ဟု မေးလိုက်သည်။ သူက ပြုံးလျက်. . .

"သူ့ကို သေအောင်သတ်တာပဲ၊ သူလည်း သေသွားတယ်လေ ဒါပေမယ့် အခြေခံအကြောင်းတရားတွေ ပေါ်ပေါက်လာလို့ လူသတ်မှုက လူသေမှု ဖြစ်သွားတယ်"

"စိတ်ဝင်စားစရာပဲ"

"စာရေးဆရာက သိချင်နေပြီ ထင်တယ်"

"သင်ခန်းစာတစ်ခု ဖြစ်မယ်လို့ ကျွန်တော် ထင်တယ်လေ"

"စာရေးဆရာက သိချင်ရင် ကျွန်တော် ပြောပြပါ့မယ်"

သူက မီးသေလုလု ဆေးပေါ့လိပ်ကို ခပ်ပြင်းပြင်း ဖွာရင်း ဘဝဇာတ်ကြောင်းကို နတ်သံ မနှောပဲ ပြောပြသည်။

♛ ♛ ♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



(၂)

ကိုတင်မောင်ဇော်က ဆိုက်ကားသမားဆိုသော်လည်း ပေပေတေတေ ဆိုက်ကားသမား မဟုတ်၊ မင်းသားလို ကြော့ကြော့ကလေး နေတတ်သည်။ အဝတ်အစား၊ အနေအထိုင် သန့်ပျံ့နေသလို သူ့ဆိုက်ကားဆိုလည်း အမြဲ ပြောင်လက်တောက်ပနေသည်။

ထို့ကြောင့် လူအများက. . .

"တင်မောင်ဇော်ရယ်၊ မင်း ဆိုက်ကား နင်းနေပုံက ရုပ်ရှင်ရိုက်နေသလိုပါပဲ"

ဟုပြောကြသည်။ ဘာပဲဖြစ်ဖြစ် တင်မောင်ဇော်တွင် ဖောက်သည်များသည်။

ယင်းသို့ များပြားသည့်ဖောက်သည်များကြားတွင် 'ခင်မ'လည်း တစ်ဦးအပါအဝင် ဖြစ်သည်။ ခင်မသည် ကုန်စိမ်းသည်ဖြစ်၏။ အသက်(၄၀)ပတ်ဝန်းကျင်၊ သို့သော် အသက်(၄၀)ဟု ဘုရားစူး ကျိန်ပြောလည်း ယုံနိုင်ဖွယ်မရှိ။

ဖြူဖြူတောင့်တောင့် ရေဆေးငါးကြီးနှင့် တူသည်။ ခင်မက



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးမ၊ ခင်မယောက်ျား ဆုံးသွားသည်မှာ ငါးနှစ်ခန့်ရှိပြီ၊ ယောက်ျားဆုံ
တော့ ခင်မတွင် သားသမီးနှစ်ဦး ကျန်ခဲ့၏။ သားကြီး သော်သော်နှ
သမီး မော်မော်၊ သားကြီးက သော်သော်က အသက် (၁၉)နှစ်၊ မော်မေ
က (၁၇)နှစ်၊ နှစ်ဦးစလုံး ကျောင်းသူကျောင်းသားတွေ။

ခင်မက သားသမီးနှစ်ယောက်နှင့် ရှန်းကန်နေရသူ။

ကိုတင်မောင်ဇော်နှင့် ခင်မက ဆိုက်ကားသမားနှင့် ဈေးသ
ဖြစ်သည်နှင့်အညီ အထိအတွေ့များသည်၊ မစွန်းရင်းကလည်းရှိခဲ့သည်
လားမသိ၊ ကန်းစွန်းခင်းကလည်း ငြိခဲ့သည်။

တစ်နေ့. . .

"ကျုပ် ခင်မကို လက်ထပ်ချင်တယ်၊ ခင်မ ဒုက္ခတွေကို မျှဝေ
ခံစားချင်တယ်" ဟု ဆိုခဲ့သည်။

"ခင်မ ကိုတင်မောင်ဇော်ကို ငြင်းစရာ မရှိပါဘူး၊ ကိုတင်မောင်ဇေ
စိတ်ဓာတ်ကို ခင်မ ယုံကြည်ပါတယ်"

သို့နှင့် သူတို့ လက်ထပ်ဖြစ်ကြသည်၊ သူတို့နှစ်ဦးအတွ
ပြဿနာမရှိ၊ ခက်သည်က သားသမီးတွေ၊ တင်မောင်ဇော်ကို ပထွေ
အဖြစ် အမြင်စောင်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် ခင်မ စိတ်ညစ်ရသည်။

"ကိုမောင်လည်း ခင်မဘာဝကို စာနာမိတာ၊ ဒုက္ခတွင်းထဲကို ခုန်ဆင်းရသလို ဖြစ်နေပြီ၊ သားတို့က ဘာကြောင့် ကိုမောင့်ကို အမြင် စောင်းနေကြလဲ မသိဘူးနော်"

တင်မောင်ဇော် ပြုံးလိုက်ပါသည်။

"ဒါ မမှတာပဲ ခင်မ၊ လူတွေက မိထွေး ပထွေးဆိုရင် လူဆိုးလို့ မြင်နေကြတာ၊ အကောက်ကြံ ယုတ်မာသူလို့ မြင်နေကြတာ၊ ဒီအမြင်က အရိုးစွဲနေပြီလေ၊ ကိုမောင် ခံနိုင်ရည်ရှိပါတယ်၊ လမ်းဆုံးတော့ ရွာတွေ့မှာပေါ့ ခင်မရယ်"

"ခင်မကတော့ မြန်မြန် လမ်းဆုံးရောက်ချင်ပါပြီ ကိုမောင်ရယ်"

ဟုတ်တော့ ဟုတ်သည်။

လက်ရှိ အခြေအနေတွင် သောကဝေနေရသည်က ခင်မ။

♛ ♛ ♛ ♛ ♛

လောက က ခက်သည်။ တစ်ခါတစ်ရံ စေတနာက စေတနာ မဖြစ်၊ စေတနာက ဝေဒနာ ဖြစ်ခဲ့သည်လည်း ရှိသည်။ အရှုံးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဇော်နှင့် သော်သော်ကြားက ပြဿနာတွေပါ။ ဒါကလည်း မဆန်းချေ။ တင်မောင်ဇော်အပေါ် အမြင်စောင်းလွန်းသူက သော်သော်။

တင်မောင်ဇော်က လူရိုးလူဖြောင့်၊ ပွင့်လင်းသည်၊ စေတနာမှန်သည်။ မဖြစ်သင့်တာ မဖြစ်စေချင်သူ။

သော်သော်၊ သူက ငယ်ရွယ်သူပီပီ ဆိုးသည်။ တဇွတ်ထိုးလုပ်တတ်သည်။ ငယ်ရွယ်သူဖြစ်သဖြင့် အကောင်းအဆိုးကို ပီပြင်စွာ မခွဲခြားတတ်သေး။

မှတ်မိသေးရဲ့။

မကြာခင်က တင်မောင်ဇော်နှင့် သော်သော်တို့ကြားမှာ ပြဿနာတစ်ခု ထိပ်တိုက်ဝင်လာသည်။ အပေါင်းအသင်းကိစ္စ။ ယခုတလော သော်သော်၊ ငြိမ်းဝေတို့တစ်သိုက်နှင့် ပေါင်းသည်ကို တင်မောင်ဇော် မကြိုက်။ ငြိမ်းဝေတို့ သတင်းကလည်း မကောင်း။ ဆေးသမားလိုလို ဘာလိုလို ဆိုကြောင့် ဟန့်တားခဲ့သည်။

"ဦးတင်မောင်ဇော်၊ ငါ အဖေနေရာရောက်ပြီဆိုပြီး ကျွန်တော့်ကို နှိပ်ကွပ်တာလား။ ခင်ဗျား သိထားဖို့က ခင်ဗျားဟာ ပထွေးနော်၊ ပထွေးလို နေ၊ နေရာတကာ အာဏာမပြချင်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



သော်သော့်စကား ရှင်းသီးသည်မှာ အမှန်ပင်၊ သို့သော် တင်မောင်ဇော် အပြုံးမပျက်။

"မင်း ငါ့စေတနာကို မစော်ကားနဲ့ သော်သော်၊ ငါ မင်းကို စေတနာနဲ့ လမ်းညွှန်နေတာ၊ နှိပ်ကွပ်နေတာ မဟုတ်ဘူး။ အခု မင်း ပေါင်းနေတဲ့သူတွေဟာ ဘယ်လိုလူတွေဆိုတာ မင်း သိလား၊ မင်း ဒုက္ခ ရောက်မှာစိုးလို့ ငါ ပြောနေတာ"

"ကျွန်တော်က မလိုက်နာဘူးဆိုရင် . . ."

တင်မောင်ဇော် ဘာပြောရမည် မသိ။ သည်အခါတွင်တော့ ခင်မ ငြိမ်မနေနိုင်တော့၊ သားကို ကြည့်လိုက်သည်။

"ဟဲ့ သော်သော်၊ နင် ဘာပြောတာလဲ၊ နင့်ကို ကိုမောင်က စေတနာနဲ့ ပြောနေတာ၊ ဆေးသမားတွေနဲ့ ပေါင်းတဲ့အကျိုးဆက် နင် သိရဲ့လား" ဟု မေးလိုက်သည်။

"ဆေးသမားနဲ့ ပေါင်းတိုင်း ဆေးသမား ဖြစ်ရမလား အမေ"

"ဆေးသမားနဲ့ ပေါင်းတိုင်း ဆေးသမား မဖြစ်တာတော့ မှန်တာ ပေါ့ သော်သော်၊ ဒါပေမယ့် မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါတဲ့၊ ပိုဆိုးတာက သူတို့လုပ်နေတာက ဥပဒေနဲ့ မကင်းဘူး၊ မင်း စက်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



မလွတ်ဖြစ်သွားမှာစိုးလို့ ပြောနေတာ''

''ဟုတ်တယ် သော်သော်၊ ဒါကို အမေလည်း မကြိုက်ဘူး''

သော်သော် ဘာမှမပြောတော့။ သို့သော် တင်မောင်ဇော်၏ အတို့အထောင်လုပ်သူဟု ယူဆပြီး မကျေမနပ် ဖြစ်နေသည်ကတော့ အမှန်ဟု သိနေသည်။

ထို့အတူ ခင်မကလည်း တင်မောင်ဇော့်အတွက် စိတ်မကောင်း ဖြစ်ရသည်။ သားနှင့် လင်ကြားမှာ ရတက်ပွေရ၏။

''အစ်ကိုမောင်ရယ်၊ တချို့ကိစ္စတွေကို ဥပေက္ခာပြုလိုက်ပါ အမုန်းမခံပါနဲ့''၊

''ဟ. . . ဒီလိုဘယ်ဖြစ်မလဲ၊ ခုအချိန်မှာ ငါက ဖခင်နေရာ ယူထားရတာ၊ ငါ့သားသမီးတွေလို သဘောထားတယ်၊ ငါ့ကို မုန်းချင် မုန်းစမ်းပါစေ၊ ငါ ပြောစရာရှိတာ ပြောမှာပဲ၊ ငါရှိရက်နဲ့ သူတို့ ဘာမှ အတိမ်းအစောင်း မဖြစ်စေရဘူး''

''ကိုမောင်ရယ်''

ခင်မ စိတ်မကောင်း ဖြစ်ရ၏။ တင်မောင်ဇော်ကလည်း စေတနာ ကို မလျော့။ ယင်းမို့လည်း သော်သော် ပြဿနာစက်ကွင်းက သီးလေး



www.burmeseclassic.com

www.burmeseclassic.com



လွတ်ခဲ့သည်။ ငြိမ်းဝေ ဆေးအသုံးအစွဲလွန်၍ သေသွားသည်။ အပေါင်းအဖော်တစ်သိုက် ဆေးမှုနှင့် အဆွဲခံရသည်။ တင်မောင်ဇော်သာ အချိန်မီ မဟာန့်တားခဲ့လျှင် သော်သော် ပြဿနာ။

မည်သို့ဆိုစေ၊ သော်သော် ကျေးဇူးတင်ရကောင်းမှန်း မသိ။

♛ ♛ ♛ ♛ ♛

တစ်ခုရှိသည်။ မော်မော်က နည်းနည်းသိတတ်သည်။ အမေနဲ့ အနေနီးသဖြင့် တင်မောင်ဇော် စေတနာကို သိသည်။ ထို့ကြောင့် တင်မောင်ဇော်နှင့် မော်မော် သဟဇာတ ဖြစ်သည်။

ဒါကို သော်သော် မကြိုက်။

"နင့် ဦးတင်မောင်ဇော်နဲ့ ဒွေးရောယှက်တင် မနေသင့်ဘူး၊ နင်ကလေး မဟုတ်တော့ဘူး။ သူဟာ ပထွေး၊ ယုံလို့မရဘူး"

ဟု ပြောသည်။

"ဦးတင်ဟာ ဒီလိုလူ မဟုတ်ပါဘူး"

မော်မော်က ဒါပဲပြောသည်။

"အပိုတွေ ပြောမနေနဲ့၊ ငါ ပြောတာ နားထောင်"



www.burmeseclassic.com

www.burmeseclassic.com



သော်သော်က ဖွတ်ပင်။

ဒါကလည်း အကြောင်းရှိသည်။ မော်မော်က တကယ်လည်း ကလေးလေး မဟုတ်တော့။ အပျိုဖြစ်လာသလို၊ ၎ုပ ဖွံ့ထွားလာသည်။ တကယ့်ကို စွဲမက်စရာ အချိုးအစား။

ဒါကို တင်မောင်ဇော် သိသည်။ ထို့ကြောင့် ခင်မအား. . .

"ခင်မ နင့်သမီးကို ဂရုစိုက်နော်၊ ဒီအရွယ်က စိတ်ကစားတဲ့ အရွယ်၊ အတွေးမှားသွားရင် မကောင်းဘူး၊ နင် အနီးကပ်ထိန်းပါ"

ဟု သတိပေးသည်။

ဒါကလည်း မဆန်း။ တင်မောင်ဇော်က ဆိုက်ကားသမားဖြစ်သဖြင့် အကြောင်းတော်တော်များများကို သိသည်။ ယူချင်၊ ချူချင်သူ ပေါသည်ကို သဘောပေါက်သည်။ ထို့ကြောင့် သူကိုယ်တိုင်လည်း ဂရုစိုက်သည်။

သည်သို့ ဂရုစိုက်နေသည့်ကြားမှ ပြဿနာမီးက ဟုန်းကနဲ ထ တောက်ခဲ့ပြီ။

မှတ်မိသေးရဲ့။

အဲသည့်နေ့က အကြောင်းရှိ၍ အိမ်သို့အပြန် သော်သော်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မော်မော် ပြဿနာဖြစ်နေသည်။ မော်မော် ငိုနေသည်။

"မော်မော်၊ ငါ့ကို မှန်မှန်ပြောစမ်း၊ အခု နင့်ပြဿနာက ဘယ်သူ့ပြဿနာလဲ၊ ဟိုလူယုတ်မာကြီးလား"

တင်မောင်ဇော် ခြေလှမ်းတို့ တုန့်သွားသည်။ အိမ်ပေါ်သို့ မတက်သေးပဲ ရပ်လိုက်သည်။ ကွယ်ပြီး နားစွင့်လိုက်သည်။

ထိုစဉ် မော်မော့်အသံ ထွက်လာသည်။

"ကိုကို၊ ဘာကြောင့် ဦးလေးကို ယိုးစွတ်နေတာလဲ၊ ဦးလေး ဒီလို မယုတ်မာဘူး၊ ဒီပြဿနာက ဦးလေးနဲ့ မဆိုင်ဘူး၊ ငါ့ချစ်သူနဲ့ ငါ ဖြစ်တာ"

ဟု ဖြေသည်။

"ဘာ"

သော်သော့်အသံ။

တင်မောင်ဇော် နားလည်လိုက်သည်။ တင်မောင်ဇော် ချာကနဲ လှည့်လိုက်သည်။

"မော်မော့်ချစ်သူဆိုရင် မြင့်ဝေပဲ၊ ဒီ. . . ဒီကောင် မိုက်မိုက်ရိုင်းရိုင်း လုပ်တာ" ဟု ရေရွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သော်သော် အိမ်ပေါ်မှ ခုန်ဆင်းလာသည်။ ဝရုန်းသုန်းက
ပြေးသွားသည်။

"သော်သော် နေဦး၊ စိတ်လိုက်မာန်ပါ မဖြေရှင်းနဲ့"

တင်မောင်ဇော် ပြောလိုက်သည်။

"သော်သော် မင်း မသွားနဲ့၊ ဒီကိစ္စကို အဖေ ဖြေရှင်းမယ်

♛ ♛ ♛ ♛ ♛

"လူသတ်မှုက အဲ့ဒီနေ့က ဖြစ်တာလား"

ကျွန်ုပ်တော်က မေးလိုက်သည်။

"ဟုတ်တယ်၊ ကျုပ် ပြောလိုက်ပေမယ့် သော်သော်က ဦး
တယ်၊ ကျုပ် မြင့်ဝေအိမ်ရောက်တော့ ပြဿနာဖြစ်နေပြီ၊ သော်သေ
တလည်း ဒေါသကြောင့် ဘာမှမြင်ဟန် မရှိဘူး၊ ရှန်းရင်းဆန်ခတ်
ကျုပ် အရောက်ဦးလို့ပေါ့၊ နောက်ကျရင် သော်သော် ဖူးသရင်သေ
တယ်၊ မြင့်ဝေက ဓားနဲ့ခုတ်ပြီ"

"အို . . . ဘုရား . . . ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ရှင်းရှင်းပြောရရင် ကျုပ်လည်း မမြင်တော့ဘူး၊ မစဉ်းစားနိုင်တော့ဘူး၊ သော်သော် တစ်ခုခု ဖြစ်မှာစိုးလို့ ကျုပ် အနီးက သံတုတ်နဲ့ ရိုက်လိုက်တာ၊ မြင့်ဝေ အုတ်ဆက်ပွင့်သွားတယ်၊ ပွဲချင်းပြီးပဲ"

"ဖြစ်ရလေဗျာ၊ ဒါဟာ မကောင်းတဲ့အစွဲကြောင့် ဖြစ်ရတာပဲ၊ လောကမှာ မိထွေး၊ ပထွေးတိုင်း မဆိုးပါဘူး၊ ဒါကို လူတွေ သိသင့်ပြီ"

"မှန်တာပေါ့ဗျာ၊ လောကမှာ လူချင်းတူပေမယ့် အသက်ရှုပုံချင်း ကွဲတာ လူတွေ သိသင့်ပြီ"

♛ ♛ ♛ ♛ ♛

(၄)

အမှန်တရားဆိုသည် ဖုံးကွယ်၍မရ။

မှန်သည်။ အမှန်တရား၏ ပုံဖော်မှုကြောင့် ကျွန်တော် အယူခံ နိုင်ခဲ့သည်။ ထောင်မှလွတ်ပြီ။

မနက်ဖြန်မနက် ထောင်ကထွက်ရမည်။

ညက တင်မောင်ဖော်နှင့် အေးအေးဆေးဆေး စကားပြောဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူက လိပ်စာပြောပြီး “ကိုအောင်၊ အိမ်ကို သွားဖြစ်အောင် သွားလိုက်ပါဗျာ၊ ကျုပ် နေကောင်းကြောင်း သတင်းပေးရင်း သူတို့ မိသားစုကို အားပေးလိုက်စမ်းပါ” ဟု ပြောသည်။

“စိတ်ချပါ၊ သွားပြောလိုက်ပါ့မယ်”

ကျွန်တော် ကတိပေးလိုက်သည်။ ကတိအတိုင်း ထောင်မှထွက်ပြီး နောက်တစ်နေ့ ကိုတင်မောင်ဇော်အိမ်သို့ သွားသည်။ ဆိုက်ကားဂိတ်တွင် သော်သော်နှင့်တွေ့သည်။ တွေ့ပုံကလည်း ဆန်းသည်။

ကျွန်တော်က လမ်းမလျှောက်ချင်သဖြင့် ဆိုက်ကားဂိတ်ဝင်သည်။ ဦးတင်မောင်ဇော်၊ ဒေါ်ခင်မအိမ်ကို မေးသည်။ ထိုစဉ် အဝတ်အစား သပ်သပ်ရပ်ရပ်နှင့် လူငယ်တစ်ဦး ရောက်လာသည်။

“အမေနဲ့ တွေ့ချင်လို့လား၊ အမေက ဈေးမသိမ်းသေးဘူး ထင်တယ်။ ဦး သွားချင်ရင် လိုက်ပို့ပေးမယ်”

“ကောင်းတာပေါ့ကွာ၊ ငါကလည်း ဒေါ်ခင်မ မိသားစုနဲ့တွေ့ပြီး ဦးတင်မောင်ဇော် မှာလိုက်တာတွေ ပြောချင်လို့လေ”

“ဪ. . . အဖေ လွှတ်လိုက်တာလား၊ အဖေ နေကောင်းတယ်နော်”



www.burmeseclassic.com

www.burmeseclassic.com



သူက သွက်လက်လန်းဆန်းစွာ ပြောသည်။ ကျွန်တော် သူ့ကို ကြည့်လိုက်သည်။

"မင်း သော်သော်လား" ဟု မေးလိုက်၏။

"ဟုတ်ပါတယ် ဦး၊ ကျွန်တော် သော်သော်ပါ"

သူက ပြုံးလျက်. . .

"ဟုတ်ပါတယ် ဦး၊ အဖေဟာ ကျွန်တော်ထင်သလို မဟုတ်ပါ ဘူး၊ ဖခင်စိတ် အပြည့်ရှိသူဆိုတာ ကျွန်တော် နားလည်သွားပါပြီ၊ ဒါ ကြောင့် ကျွန်တော် အဖေ့ဆိုက်ကားကို နင်းတယ်၊ အဖေ့ပုံစံမျိုး နေတယ် အဖေ ထောင်ကလွတ်လာရင် ဖခင်ရင်းလို ကြင်နာရှိသေမယ်"

"မင်းစကားကို ကြားရင် ဦးတင်မောင်ဖော် သိပ်ပျော်မှာပဲ"

"ဖြစ်ရမယ်လေ၊ အဖေက ဘဝနဲ့ရင်းပြီး ချစ်ခြင်းကို ပြလိုက် တာပဲ၊ ဖခင်လို ကြင်နာတတ်သူကို ဖခင်လို ရှိသေရမယ်လို့ ကျွန်တော် နားလည်ပါပြီ ဦးရယ်"

အောင်မြင့်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



## သူခိုးနှင့် အရိုးခံမလေးရဲ့ ရာဇဝင်

(၁)

"ဝုန်း"

"ဒုတ်"

"အမယ်လေး"

တိတ်ဆိတ်နေသည့် အခန်းကလေးအတွင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ကျွန်တော်တို့ထိုင်နေသည့် အဖွဲ့သားများ အသံလာရာဆီသို့ ကြည့်လိုက်သည်။

ကျွန်တော်တို့ဆိုသည်က ကျွန်တော်၊ အခန်းလူကြီး ပေါစိန်၊ အခန်းစာရေး မောင်ဝင်းတို့ ဖြစ်သည်။

"စံထွန်း ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အခန်းလူကြီးက မေးလိုက်သည်။ ကျွန်တော်တို့လည်း ကြည့်လိုက်၏။ သည်အချိန်က ကျသစ်ဝင်လာပြီး ပုံစံပြက ထောင်၏အပြုအမူ၊ အနေအထိုင်အတွက် ပုံစံပြနေခြင်းဖြစ်သည်။

"ဒီကောင် ရုပ်ရှင်ရိုက်နေလို့ ပညာပေးလိုက်တာ အခန်းလူကြီး"

"ဘာဖြစ်လို့လဲ"

အခန်းလူကြီး ဦးပေါ်စိန်က မေးလိုက်သည်။

အခန်းလူကြီး ဦးပေါ်စိန်က ဘာသာရေးသမားဖြစ်သလို အကျဉ်းသားများကို စာနာသူဖြစ်၏။ သူက ကြီးသည့်အမှု ငယ်အောင်၊ ငယ်သည့်အမှု ပ,ပျောက်အောင် လုပ်သူ။ သူက ပုံစံပြတို့၏စကားကိုလည်း ယုံသူမဟုတ်။

စံတွန်းက လူဖြောင့်စိတ်ကိုသူ။ ပုံစံပြသည့်နေရာတွင် တိကျသူ။

"သူက ကျွန်တော် ပုံစံပေးနေတာကို ဂရုမစိုက်ဘူး၊ ဒါကြောင့် ပညာပေးလိုက်တာ"

"မဟုတ်ပါဘူး ခင်ဗျာ"

ကျသစ်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



စံထွန်းက. . .

"ဟော့ကောင်. . . ဒါ ထောင်ကွ၊ မင်းအိမ်မဟုတ်ဘူး။ မေးမှ ပြော. . ."

ဟု လှမ်းပြောလိုက်သည်။ လူငယ် ငြိမ်သွားသည်။

"မင်း လာဦး"

အခန်းလူကြီး ခေါ်သဖြင့် သူလာသည်။

"ပုံစံနဲ့ရပ်"

ဟု စံထွန်းက ပြောသဖြင့် သူက အခန်းလူကြီး ရှေ့တွင် ပုံစံနဲ့ရပ် သည်။

အခန်းလူကြီးက သူ့ကို ကြည့်လိုက်သည်။

"မင်း. . . ဘာအမှုလဲ"

"ခိုးမှုပါ. . . အခန်းလူကြီး"

ထိုစဉ် အခန်းစာရေး မောင်ဝင်း၊ အခန်းလူကြီးနားသို့ ရောက် လာသည်။ ကျူသစ် မှတ်တမ်းစာအုပ် လှန်ပြီး. . .

"အမည်–ခင်မောင်၊ ဘ–ဦးထွန်း၊ ပုဒ်မ–၃၀၈–ခိုးမှု၊ ပြစ်ဒဏ်– ...နှစ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဖတ်ပြသည်။

အခန်းလူကြီးက. . .

"ထောင်ထဲရောက်ရင် ထောင်စည်းကမ်းကို လိုက်နာရတယ်။ ပုံစံပြနေရင် ပုံစံကို လိုက်မှတ်နာယူရမယ်။ ပုံစံပြနေချိန်မှာ ဘာမှ စဉ်းစား စရာမလိုဘူး"

"ကျွန်တော် မစဉ်းစားချင်ပါဘူး။ အခန်းလူကြီး၊ ခက်တာက ယူကျုံးမရဖြစ်လို့ပါ။ သူ့အပေါ်ထားတဲ့ ကျွန်တော့်စေတနာ ဝေဒနာလို ဖြစ်သွားတာနဲ့ပတ်သက်လို့ ရုတ်တရက်တွေးမိပြီး စိတ်မကောင်းဖြစ်သွား လို့ပါ"

"အေး. . . ဒါတွေ မေ့လိုက်။ အပြင်ကကိစ္စ ထောင်ထဲယူမလာနဲ့ ထောင်ဆိုတာ အပြင်လောကနဲ့ စည်းခြားထားတဲ့နေရာကွ။ အပြင်မှာ ဘာဖြစ်ဖြစ် ထောင်ထဲကလူက လုပ်ပေးလို့ မရဘူးဆိုတာ မင်း မှတ်ထား"

"ဟုတ်. . . ဟုတ်ကဲ့"

"ကဲ. . . မင်း သွားတော့"

ခင်မောင် ပြန်လာသည်။ ပုံစံကို ဆက်လက်နာယူသည်။ အခန်း လူကြီးအနားရောက်လျှင် ကျွန်တော်က ပြုံးပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်လေးမှာ စိတ်ဝင်စားစရာ အကြောင်းတစ်ခု ရှိနေလိမ့်မယ်ကွ"

ဟု ပြောလိုက်သည်။

"စာရေးဆရာ စိတ်ဝင်စားသွားပြီလား"

"အင်း. . . ဆိုပါတော့ အခန်းလူကြီး"

"ဒါဆို အိပ်ရာချတော့ စာရေးဆရာ တွေ့လိုက်ပေါ့"

ကျွန်တော်က ပြုံးလိုက်သည်။ မှန်သည်။ ကျွန်တော်က ဒီလိုပဲ စိတ်ဝင်စားစရာ အကျဉ်းသားတွေကို တွေ့ပြီး မေးနေကျ။

ယခုလည်း ကျွန်တော် အိပ်ရာချချိန်တွင် ခင်မောင်ဒ. .း ကျွန်တော့်နားသို့ ခေါ်ထားပြီး အကျိုးအကြောင်း မေးရသည်။

"အဘ စိတ်ဝင်စားတယ်ဆိုရင် ကျွန်တော် ပြောပြပါ့မယ်။ တကယ်တော့ အဖြစ်က ရင်နာစရာ ကောင်းပါတယ် အဘရယ်"

သူ့စကားနှင့်အတူ သူ့မျက်နှာ ညှိုးနေ၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



(၂)

ခင်မောင်က အသက်(၃၈)ခန့်ရှိပြီး ကိုယ်လုံးကိုယ်ဖန် ကောင်းသလို စမတ်ကျကျ နေတတ်သူလည်း ဖြစ်၏။

သို့သော် ခင်မောင့်ဘဝက ကြမ်းတမ်းသည့်ဘဝ။ ခင်မောင့်မိဘများသည် ခင်မောင် ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ဆုံးပါးသွားကြသဖြင့် ဦးလေးတစ်ယောက်၏ အရိပ်ကို ခိုခဲ့ရ၏။ ဦးလေးက ယစ်ထုပ်။

ထို့ကြောင့် ခင်မောင်သည် ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်၊ ကိုယ့်ဝမ်း ကိုယ်ကြောင်းခဲ့ရသည်။ ခင်မောင်၏ ဘဝအချိန်အတော်များများသည် ကီလီဈေး၌ ကုန်ဆုံးခဲ့ရပြီး ကီလီဈေး ငါးဒိုင်နားတွင် ကျင်လည်ရင်း နိုးဂှက်မှုများနှင့် ယဉ်ပါးခဲ့ရ၏။

ငယ်စဉ်က ငါးနိုးခဲ့သော ခင်မောင်သည် အရွယ်ရလာတော့ တစ်ကိုယ်တော်သူနိုး ဖြစ်ရသည်။

"ဟ. . . မင်းဘဝက မလွယ်ပါလား"

"ဟုတ်တယ် အဘ. . . ဒါပေမယ့် စဉ်းစားကြည့်ရင် ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘဝပေးအခြေအနေလေ။ ဘဝကံကြမ္မာကြောင့် ဖြစ်ရတာ"

"မင်း ဒီမှာ ပျော်မွေ့နေလား"

သူက ခေါင်းခါသည်။

"အခါးဆိုတာ ရသခြောက်ပါးထဲမှာ ပါနေပေမယ့် လူအတော်များများက မကြိုက်ကြဘူး အဘ။ ကျွန်တော်လည်း မနှစ်သက်ပါဘူး ဒါပေမယ့် ကျွန်တော့်ဘဝအခြေအနေက ဒီသံသရာမှာ လည်မှဖြစ်မယ်လေ"

ဟု ပြောသည်။

"အခု မင်းဖြစ်ခဲ့တဲ့အဖြစ်က. . ."

"ခိုးမှုကစတာလေ. . .။ ကျွန်တော် ခိုးမှုကျူးလွန်လို့ ကျွန်တော် ပြစ်ဒဏ်ခံရတာ မဆန်းပါဘူး။ ကျွန်တော် စိတ်မကောင်းတာက အရိုးခံမလေးနဲ့ ပတ်သက်လို့ပဲ"

"အရိုးခံမလေး. . ."

"ဟုတ်တယ် အဘ. . .။ သူဟာ အရိုးခံမလေးပါ။ ကျွန်တော့်အကြောင်းကို သူ ဘာမှသိတာ မဟုတ်ဘူး။ ပြီးတော့ သူနဲ့ ကျွန်တော် ရင်းနှီးတာလည်း မကြာသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူ့ဘဝကို စာနပြီး သူ့ကို ကျွန်တော် ကူညီလိုက်လို့ သူဒုက္ခရောက်ရတယ်။ ဒါကို တွေးမိတိုင်း စိတ်မကောင်းဘူး''

''အေး. . . ငါ့ကို ရှင်းရှင်းလင်းလင်းကလေး၊ ပြောစမ်းပါ''

''ဟုတ်ကဲ့ အဘ. . . ကျွန်တော် ပြောပါ့မယ်။ ကျွန်တော် စေတနာပိုခဲ့မိလို့ ဒုက္ခရောက်ခဲ့သူကလေးရဲ့ နာမည်က နီလာတဲ့ အဘ''

ဟု နီဒါန်းဆင်ပြီး ဇာတ်စုံခင်းပြသည်။

သြော်. . . အဖြစ်က ရင်နာစရာ. . .။

❖ ❖ ❖

(၃)

စင်စစ် ခင်မောင်တို့ သူခိုးဘဝက တစ်နေရာတွင် ခိုးပြီး မထင်မှတ်သည့်တစ်နေရာတွင် ပုန်းခိုနေရသည်။

ယခုလည်း ခင်မောင်တစ်ယောက် မြိုးမြိုးမြက်မြက်ကလေး ရလိုက်တော့ မထင်မှတ်သည့်နေရာတွင် ပုန်းခိုရသည်။ ပတ်ဝန်းကျင်က မရိပ်မိစေရန် ဟိုနေရာပစ္စည်းတချို့ သည်နေရာ ပစ္စည်းတချို့ ယူခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



သိုသိုသိပ်သိပ် ကိုယ်ရှိန်သတ်နေသည်။

သို့သော် ခက်သည်က ခင်မောင်က အရက်နည်းနည်း သောက်တတ်သည်။ ယခုလို ငွေယားကလေးရှိနေတော့ အနီသောက်ချင်သည်။ ဘီအီးတို့၊ တောတို့ သောက်လျှင် လျှာယားသည်ဟု ထင်မိသည်။ ထို့ကြောင့် စားသောက်ဆိုင်သို့ ဝင်ခဲ့သည်။

ရွှေစည်းစိမ်သည် ခင်မောင် ပထမဆုံးရောက်ဖြစ်ခဲ့သည့် စားသောက်ဆိုင် ဖြစ်၏။ ရွှေစည်းစိမ်စားသောက်ဆိုင်သို့ ရောက်ပြီး အဆိုတော်မလေး နီလာနှင့်တွေ့တော့ ခင်မောင်၏နှလုံးသားတွေ ဆူပွက်သွားသည်။

နီလာကိုတွေ့တော့ ခင်မောင် နှလုံးသားတွင် စိုးမိုးခဲ့သည့် မာမာကို သတိရမိသည်။ မာမာသည် ခင်မောင်၏ တစ်ဦးတည်းသော ချစ်သူဖြစ်သည်။ ခင်မောင်နှင့် မာမာက စိတ်တူကိုယ်တူ ဘဝတစ်ခု ထူထောင်ရန် ဆုံးဖြတ်ခဲ့သူတွေ။

မာမာကလည်း စားသောက်ဆိုင် အဆိုတော်မလေးပင်။

မာမာသည် ရိုးသားအေးဆေးသူဖြစ်သော်လည်း စားသောက်ဆိုင် အဆိုတော်ဖြစ်သဖြင့် ပတ်ဝန်းကျင်အလယ်တွင် မတင့်တယ်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



အထင်သေး၊ အမြင်သေး ခံခဲ့ရသည်။

တစ်နေ့ စားသောက်ဆိုင်မှ ခင်မောင်နှင့်အပြန် လူ့ရမ်းကားတစ်စု၏ စော်ကားမှု ခံခဲ့ရသည်။ ခင်မောင် လက်ပိုက်ကြည့်မနေနိုင်ခဲ့။

ဒီမှာ မဖျော်လင့်ဘဲ ပွဲကြမ်းကုန်သည်။ ခင်မောင်လည်း သည်းမခံနိုင်တော့။ သို့သော် ခက်သည်က သုံးယောက်နှင့် တစ်ယောက်။ ပြီးတော့ သူတို့တွင် ဓားပါသည်။

ခင်မောင့်ကို တစ်ဦးက ဓားနှင့်အထိုး မာမာက ဝင်တွန်းလိုက်သဖြင့် ခင်မောင် သေဘေးမှ လွတ်သွားသော်လည်း မာမာ ဓားဒဏ်ရာဖြင့် နေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့သည်။

မာမာ့ကို ခင်မောင် မမေ့နိုင်။

ထို့အတူ မာမာနှင့်တူသူ နီလာအား မြင်တွေ့လိုက်ရသောအခါ ရင်တွေ လှိုက်ခုန်သွားသည်။

ခင်မောင်ကလည်း လူကဲခတ် မညံ့သူဖြစ်သဖြင့် နီလာ့ဘဝကို နားလည်သည်။ သူ နီလာနှင့် နီးစပ်နိုင်ဖို့ ချဉ်းကပ်မိသည်။

"မင်းတို့ အဆင်ပြေသွားသလား"

ကျွန်တော်က မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်က. . .

"ဟုတ်ကဲ့. . . နီလာဟာ အင်မတန် ရိုးသားသူပါ။ ဒီအလု
စားဝတ်နေရေးအရ လုပ်တာပါ"

ဟု ပြောသည်။

"မင်းအကြောင်း သူ့ကို ပြောပြလား"

သူက ခေါင်းညိတ်သည်။

"ပြောတယ် ဆရာ။ မာမာ့ဓာတ်ပုံကိုပြတော့ သူ အံ့ဩနေ
ဒါပေမယ့် မာမာဟာ ကျွန်တော့်ချစ်သူလို့ မပြောခဲ့ဘူး။ ညီမလို့
တာ"

"ဘာကြောင့် အမှန်မပြောတာလဲ"

"ကျွန်တော့်ဘဝကို ကျွန်တော် နားလည်လို့ပါ။ ကျွန်တော့်
ထောင်နှုတ်ခမ်း နင်းနေတဲ့ဘဝလေ. . .

ဒါကြောင့် သူ့ကို ဆွဲမခေါ်ချင်ဘူး။ ပြီးတော့ ကျွန်တော်
ရိုးရိုးပဲ ခင်မင်ကူညီချင်တာ"

"မင်း ကူညီခဲ့တယ်ဆိုပါတော့"

"ဟုတ်တယ် အဘ. . .။ ကျွန်တော် နီလာ့ကို အလုပ်မ



www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးသားသား ရောင်းဝယ်စားဖို့ စည်းရုံးပြီး နှစ်ကျပ်သားလက်ကောက် တစ်ကွင်း ပေးခဲ့တယ်။ သူကလည်း ထုခွဲပြီး ရိုးရိုးသားသား ရောင်းဝယ် စားခဲ့တယ်''

''မင်းအလုပ်က မှန်မြတ်တာပဲ''

''ဟုတ်တယ်။ ကျွန်တော်ကိုယ်တိုင်လည်း မှန်မြတ်တယ်လို့ ယုံ ကြည်ပြီး ကျေနပ်ခဲ့တယ်။ ဒါပေမယ့်. . .''

သူ မျက်နှာညှိုးသွားပြီး ပြောလက်စ စကားကို ရပ်လိုက်သည်။

''လုပ်ပါဦးကွ၊ မင်းက ဘာဖြစ်တာလဲ''

''စိတ်မကောင်းဘူး အဘရယ်. . ကျွန်တော့်စေတနာက ဝေဒနာ ဖြစ်သွားတယ်''

''ဘာ. . .''

''ကျွန်တော် အဖမ်းခံလိုက်ရတယ် အဘ''

သူက တစ်လုံးချင်း ပြောသည်။ သူ့မျက်နှာက ပြုံတော့မည့် လို. . .။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



(၄)

ထိုညက ခင်မောင် အဖမ်းခံရသည်။

သက်ဆိုင်ရာ ရဲစခန်းသို့ပို့ပြီး စစ်ဆေးသည်။ အခိုးခံရသူမှ ပစ္စည်း အရေအတွက် ပြောပြသဖြင့် ခင်မောင် ငြင်းလို့မရ။

အကုန်ဖော်ရသလို ရောင်းသည့်နေရာများကို ပြရသည်။

"ဟ. . . ဒုက္ခပါလား။ မင်း ဖော်ရပြီဆိုတော့ လက်ကောက်တစ်ကွင်းလည်း ဖော်ရပြီပေါ့"

"ကျွန်တော် မဖော်ဘဲနေခဲ့သေးတယ် အဘ။ ခက်တာက ရဲက ဆိုက်တယ်၊ ဒီလက်ကောက်တစ်ရံကို မေးတယ်။ ကျွန်တော်က ဒီလက်ကောက်အတွက် အပြစ်ပိုခံရမယ်ဆိုရင်လည်း ခံမယ်။ မပြောဘူးလို့ ပြောခဲ့တယ်။ မရဘူးလေ၊ နည်းအမျိုးမျိုးနဲ့ ပေါ်အောင်စစ်တယ်။

ကြာတော့ ကျွန်တော် မခံနိုင်တော့ဘူး။ ဒါကြောင့် ကျွန်တော်က ဒီလက်ကောက်တစ်ကွင်းကို ကျွန်တော် တစ်စုံတစ်ယောက်ကို စေတနာနဲ့ ပေးလိုက်တယ်။ သူကလည်း ကျွန်တော့်အကြောင်းကို မသိဘူး။ ဒီအတွက် သူ့ကို အပြစ်မပေးပါနဲ့လို့ မေတ္တာရပ်ခံပြီး ဖော်လိုက်တယ်"

"ကလေးမ အခြေအနေကကော. . ."



www.burmeseclassic.com

www.burmeseclassic.com



သူ အောက်နှုတ်ခမ်းကို ကိုက်လိုက်သည်။

"ကျွန်တော် စိတ်မကောင်းတာက ဒါပဲ အဘ။ ကျွန်တော်က ပေါ့စေလိုလို့ စေတနာနဲ့ ကြောင်ဆေးထိုးလိုက်တာ။ ဆေးက တစ်ဆ တိုးသွားတယ်လေ"

ဟု ပြောသည်။

"သူကော အဖမ်းခံရလား"

"ဟုတ်တယ် အဘ...။ သူက သူခိုးလက်ခံအမှုတွဲ ဖြစ်သွားတယ်။ လူမှုရေးအရ အပြစ်မရှိဘူးလို့ ပြောလို့ရပေမယ့် ဥပဒေအရ အားပေးကူညီမှုနဲ့ အကျုံးဝင်သွားတယ်တဲ့"

"စိတ်မကောင်းစရာပဲ"

"ဟုတ်တယ် အဘ...ကျွန်တော်လည်း စိတ်မကောင်းဘူး။ သူဟာ ကျွန်တော့်ကြောင့် ထောင်(၁)နှစ် ကျသွားတယ် အဘရယ်..."

"အင်း...ကံကြမ္မာဖန်လာပုံက ဆန်းတယ်နော်"

"ဟုတ်ပါ့ အဘရယ်...သူ ဒီလိုဖြစ်မယ်မှန်းသိရင် ကျွန်တော် ပေးပါဘူး။ ခုတော့ သူ ကျွန်တော့်ကြောင့် ဒုက္ခရောက်ရပြီ။ အရိုးခံမလေး ဘ ကျွန်တော့်ကြောင့် ဘဝပျက်ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူ ပြောရင်း အသံတွေတုန်နေ၏။ ယောကျ်ားတန်မယ့် မျက်ရည်ဝဲနေသည်ကို တွေ့ရသည်။ ကျွန်တော် သူ့ကိုကြည့်လိုက်ပြီး. ...

"မင်းနဲ့ နီလာ တွေ့သေးလား"

ဟု မေးလိုက်သည်။

"တွေ့တယ် အဘ. . . အမိန့်ချတဲ့နေ့က စကားပြောရတယ်။ ကျွန်တော်က သူ့ကို တောင်းပန်တော့ နီလာက အစ်ကို့ကို အပြစ်မယူပါဘူး။ အစ်ကိုစေတနာကို တန်ဖိုးထားပါတယ်။

အခုဖြစ်ရတာ ကံကြမ္မာကြောင့်ပါလို့ သူကပြောပြီး နောက်ကို ဥပဒေနဲ့ မကင်းတဲ့အလုပ် မလုပ်ပါနဲ့လို့ ပြောတယ်။ ဒါပေမယ့် ကျွန်တော် မဖြေနိုင်ဘူး အဘ"

ကျွန်တော် သက်ပြင်းချလိုက်သည်။

"ပြီးတာလည်း ပြီးပြီပဲ။ အရေးကြီးတာက မင်း ထောင်က ထွက်ရင် ဘာဆက်လုပ်မယ် စိတ်ကူးလဲ"

"ကျွန်တော် ဒီအလုပ်ကို စွန့်လွှတ်တော့မယ်လို့ ဆုံးဖြတ်လိုက်ပြီ အဘ"

"ကောင်းကွာ။ ဒီစကားကို နီလာသာကြားရင် သိပ် ဝမ်းသာမှာ"



www.burmeseclassic.com

www.burmeseclassic.com



သူက နွမ်းနယ်စွာ ကျွန်တော့်ကို ပြုံးကြည့်သည်။ ထိုစဉ် မိန်းဂျေးမှ အိပ်ချိန်ပေးလိုက်သံ ကြားရသည်။ ထို့အတူ "အားလုံး ကောင်းပါသည် ခင်ဗျာ" ဆိုသည့် အသံတိုသည်လည်း လိုက်ခုန် ပေါ်လာခဲ့၏။

အောင်မြတ်ဦး



www.burmeseclassic.com